www.burmeseclassic.com

ဒုတိယအကြိမ်

BURMESE CLASSIC

အလောင်းတော်ကဿပ

ကျောက်ဂူတံခါးဝမှ

# ထူးခြားကွန့်မြူး ရောင်ခြည်တော်ထူး နှင့်

ထူး ထူး ဆန်း ဆန်း

# ဖြစ်ရပ်ဆန်းများ

## ကံဝင်း

(ရေး သား စီ စဉ် သည်)

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ညွှန်ကြားရေးမှူး - ဦးဝင်းနိုင်

(မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၀၅) က ထုတ်ဝေ၍

သာသနာရေးဦးစီးဌာနအတွက်

ဦးသောင်းကြည် "တိုးတက်အောင်" အော့(ဖ်)ဆက်

(၁၂၁)၊ မင်းရဲကျော်စွာလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်မှ

ရိုက်နှိပ်ပါသည်။

စာအုပ်မူပိုင်ရှင် - **စန္ဒီကံဝင်း၊ မေရှင်ကံဝင်း၊ ရွှေပုဏ္ဏမီကံဝင်း**

တန်ဖိုးငွေကျပ် - ၁၂၀၀/-

ဖြန့်ချိရေး

**"အောင်သီဟ"** စာပေ

အမှတ်(၂၆၉)၊ ဓမ္မာသီလမ်း၊ ဆေးတက္ကသိုလ်(၂)ရှေ့၊


မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၆၉၀၀၂၇




www.burmeseclassic.com

www.burmeseclassic.com




ပြန်လည်မွမ်းမံပြီးသော
ဆုတောင်းပြည့်စေတီတော်နှင့် စာရေးသူ




အလောင်းတော်ကဿပ နာယကဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသုမနနှင့် စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

12/13/2009 5:54:10 PM









BURMESE CLASSIC

www.burmeseclassic.com

12/13/2009 5:54:23 PM

www.burmeseclassic.com





www.burmeseclassic.com

SlideC 3 [N-4C].indd 1
Process Black
12/13/2009 5:54:36 PM

www.burmeseclassic.com



# ဂါရဝ

အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ကြီး၏ ဩဝါဒါစရိယ နာယက ဖြစ်တော်မူသော မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုမန အရှင်သူမြတ်ကြီးနှင့် လေးမြို့နယ် သံဃနာယက ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဤစာစုဖြင့် ရှိသေစွာ ခြေတော် ဦးတိုက်၍ ဦးခိုက်ကန်တော့ပါသည်ဘုရား ... ။

SlideC 2 [N-4C].indd 1

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

စာရေးသူထံ မကြာခဏရောက်လာကြကုန်သော မိတ်ဆက်စာများ၊ ဝေဖန်အကြံပြုစာများတွင် ထူးထူးဆန်းဆန်း ပါလာတတ်သည်က တိုက်တွန်းနှိုးဆော်လွှာများဖြစ်၏။

တိုက်တွန်းနှိုးဆော်လွှာဆိုသည်ကား စာရေးသူရေးသား မဂ္ဂဇင်းဆောင်းပါးများကို တစ်ပေါင်း တစ်စည်းတည်း လက်ရွေးစင် ထုတ်ရန် တိုက်တွန်းသောစာများဖြစ်ကြ၏။ တစ်ချို့ တိုက်တွန်း အကြံပြုစာများတွင် စာရေးသူရေးသား မဂ္ဂဇင်းများမှ ပေတဇာတ်လမ်း ဖြစ်ရပ်ဆန်းများကို လက်ရွေးစင်ထုတ်ပါရန်လည်း တိုက်တွန်း အကြံပြုကြပြန်ပါသည်။

ယခုနှစ် ဝါလကင်းလွတ်သီတင်းကျွတ်ကာလ ပွင့်လင်းရာသီ အချိန်အခါ၌ စာရေးသူထံ ရောက်လာသော စာအတော်များများ ကတော့ တိုက်တွန်းအကြံပြုလွှာတွေများလှ၏။ အထူးသဖြင့် "အလောင်းတော်ကဿပသွား ခရီးသွားမှတ်တမ်းများ" အမည်ဖြင့် စာအုပ်ထုတ်ဝေသင့်ပါကြောင်း အကြံပြုကြသလို စာရေးသူရေးသား မဂ္ဂဇင်းများမှ အလောင်းတော်ကဿပ ဆောင်းပါးများ စုစည်းပြီး စာအုပ်ထုတ်ဝေမည်ဆိုပါက ယခုနှစ် အလောင်းတော်ကဿပ သွားရောက်ဖူးမျှော်မည့်သူများအဖို့ အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်း အကြံပြုလာသော တိုက်တွန်းလွှာများ မကြာခဏ ရရှိခဲ့ပါသည်။

အလောင်းတော်ကဿပနှင့် ပတ်သက်သော ထိုအကြံပြု တိုက်တွန်းလွှာများသည် အိပ်ပျော်နေသူကို လှုပ်နှိုးလိုက်သကဲ့သို့ ဖြစ်ချေ၏။ မေ့နေသူကို လက်တို့သတိပေးသလိုလည်း ဖြစ်ခဲ့၏။

သားရေး သမီးရေး စီးပွားရေးတွေကြားမှာ ရုန်းကန်လှုပ်ရှားရင်း ဝင်တိုင်ရေးမဂ္ဂဇင်း၊ ဂျာနယ်မဂ္ဂဇင်းများအတွက် လစဉ် စာမှု အချိန်မီ ပေးနိုင်ရေး ကြိုးစားရင်းမှ ရေးသားပြီး အလောင်းတော်ကဿပ စာစုများကို မေ့လျော့နေမိခဲ့တာအမှန်ပါ။ ထို တိုက်တွန်းနှိုးဆော်လွှာများရလာချိန်မှာ အမှန်တကယ် လုံးချင်းစာအုပ်ထွက်ရန် အကောင်းဆုံး အချိန် ဖြစ်ခဲ့သော်လည်း ပုံနှိပ်ထုတ်ဝေရန်မှာတော့ အချိန်နောက်ကျနေပါပြီ။ အဘယ်ကြောင့်ဆိုသော် အခုရိုက် အခုချက်ခြင်းဖြန့် မဖြစ်နိုင်လို့ပါ။ ကွန်ပျူတာ စာစီစာရိုက်ဟူသော အခြေခံမှစ ခွင့်ပြုချက်ရယူ၊ သက်ဆိုင်ရာမှ ခွင့်ပြုမှ အဖုံးစီစဉ်၊ ဖလင်အပ်နှံ၊ ကာလာခွဲပို့၊ စက္ကူရှာဖွေ၊ ပုံနှိပ်ပြီးက ချုပ်လုပ်စီမံ၊ ဖြန့်ချိရန်ဟူသော အဆင့်ဆင့်တွေက ရှိနေနှင့်လေပြီ။

ဘုရားဖူးရာသီ အချိန်မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ တိုက်တွန်းနှိုးဆော်လွှာ ပေးပို့ကြသော ကျေးဇူးရှင်စာဖတ် ပရိသတ်ကြီး၏ဆန္ဒ အစီအစဉ်အတိုင်း စာရေးသူရေးသား၍ မဂ္ဂဇင်း၊ ဂျာနယ်များမှာ ထင်ရှားအောင်မြင်ခဲ့သော အလောင်းတော် ကဿပ ဆောင်းပါးများကို စုစည်းလိုက်သောအခါ များများစားစားမရှိလှ။ (၄) (၅) (၆) ပုဒ်သာရှိ၏။ စာဖောင်အားဖြင့် (၆)ဖောင် (၇) ဖောင်သာ ရှိပါသည်။ ဓါတ်ပုံပါ ပါမှ (၁၀)ဖောင်မျှသာဆိုတော့ စာအုပ်တော့ ဖြစ်လာပါမည်။ စာအုပ်ပါးပါးကလေး ...။

စာပေလောကမှာ နှစ်ပေါင်းများစွာ အတူလက်တွဲ ခင်မင် လာကြသော စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်၊ မြေလတ် မောင်မြင့်သူ၊ ရေနံ့သာ မောင်ကျော်ညွှန့်၊ ယောနက ဖိုးဇောင်၊ ကိုနိုင်း (ချင်းတောင်) ဆင်ဖြူကျွန်း ကျော်လှိုင်ဦး၊ တက္ကသိုလ် တင်ဟန်ကျော် တို့နှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံကြသောအခါ

www.burmeseclassic.com

စာရေးဖော်များက တညီတညွတ်တည်း ပါးရင်ပါးပါစေ ... အလောင်းတော်ကဿပသွား ဘုရားဖူးများအတွက် အထောက်အကူ ဖြစ်မည့်စာအုပ်ဖြစ်တာမို့ စာအုပ်ထုတ်ဖြစ်အောင်ထုတ်ကြပါဟု တိုက်တွန်းကြလေ၏။

ဤသို့နှင်နှင် ဝိုင်းဝန်းအကြံပြုတိုက်တွန်းမှုများနှင့်အတူ "**အလောင်းတော်ကဿပမှာကွန့်မြူး ရောင်ခြည်တော်ထူး နှင့် ထူးထူးခြားခြားဖြစ်ရပ်ဆန်းများ**" စာအုပ်ကို ထုတ်ဝေလိုက်ရပါသည်။ ဤစာအုပ်၏ ထူးခြားမှုမှာ ထွက်ခဲ့ပြီးသော ဘုရားသမိုင်းစာအုပ်များကဲ့သို့ သမိုင်းသီးသန့် စာအုပ်မဟုတ်ပါပဲ သူရဇ္ဇမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်း၊ နေလဂျာနယ် တို့တွင် တခမ်းတနား ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသော ကိုယ်တွေ့ကြုံ "ခရီးသွားဟာန်" အထူးဆောင်းပါးများဖြင့် စုစည်းဖော်ပြထားခြင်း ကြောင့် အနည်းငယ်မှုကွဲ ထူးခြားနေမည်မှာ အမှန်ပါ။ ထို့ကြောင့် ဤစာအုပ်ကို စာရှုသူများအနေဖြင့် ပေါ့ပါးသွက်လက်စွာ ဖတ်ရှုနိုင် ကြမည့်အပြင် မရောက်ဖူးသော စာဖတ်ပရိသတ်များအတွက် အလောင်းတော်ကဿပသို့ အရောက်ပို့ပေးမည့် လမ်းညွှန်စာအုပ် ဖြစ်သလို ဗဟုသုတလည်းတိုးစေမှာ ဖြစ်ပါသည်။ အလောင်းတော် ကဿပသို့ ရောက်ပြီးသော စာဖတ်ပရိသတ်များအတွက်လည်း ပြန်လည်သတိရ အမှတ်ရစေမှာ ဖြစ်သည့်အတွက် ပိုမိုသဒ္ဓါ ထက်သန် စိတ်အားသန်စွာဖြင့် သာသနာအကျိုး ဆထက်တိုးကာ သည်ပိုးနိုင်ကြမည်ဟု ယုံကြည်စွာဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ရ ပါသည်။

ကံဝင်း

'အောင်သီဟ' စာပေ

**အလောင်းတော်ကဿပမှ ထူးခြားအံ့ဖွယ်**
**အချက်(၉)သွယ်နှင့်**
**ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများ**

ငါ၏ ရုပ်ကလာပ်တော်သည် မည်သူ၏ပယောဂနှင့်မျှ

တေဇောဓါတ်မလောင်မြိုက်မူ၍ ဇမ္ဗူရာဇ်ရွှေသားရွှေတုံး

ကဲ့သို့ တည်ရှိနေပါစေသတည်း ...။

ငါ၏ ရုပ်အလောင်းတော်သည် အရိမေတ္တေယျဘုရား

ပွင့်ထွန်းတော်မူသည့်တိုင်အောင် တည်ရှိလျှက်

မည်သို့သော လူ၊ နတ်၊ ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ

မဖျက်ဆီးနိုင်ပါစေသတည်း ...။

ရှင်မဟာကဿပ၏ အဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပသို့ ယခင်ကလည်း ရောက်ဘူး၍ မနှစ်ကလည်း ရောက်ခဲ့ပြီးပါပြီ။ သည်နှစ်မှာတော့ နွေဘုရားဖူးခရီး၊ အင်းတော်ကြီးသို့ သွားရင်ကောင်းမလား၊ သို့တည်းမဟုတ် မြတ်မော်တင်စွန်း ဘုရားပွဲဘက် လှည့်မလား စဉ်းစားနေစဉ်မှာ မမျှော်လင့်သော ဖုန်းတစ်ခုက ဝင်လာပါသည်။

ဖုန်းဝင်လာတဲ့ညက မှတ်မှတ်ရရ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့ ည…။

အလောင်းတော်ကဿပ ဩဝါဒါစရိယ နာယကဆရာတော်ကြီး ဖြစ်တော်မူသော မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန ဆရာတော် ဘုရားကြီး၏တပည့် အလောင်းတော်ကဿပ ဝန်ဆောင် ဆရာတော် တစ်ပါးဖြစ်တော်မူသော ""မတောင်းတ""ဆရာတော်မှ အလောင်းတော် ကဿပ၏ သီတင်းထူးကို ရန်ကုန်သို့ ဖုန်းဆက်၍ မိန့်တော်မူပါသည်။ ""တပို့တွဲလပြည့်နေ့က ကျောက်လိုဏ်ဂူတံခါးပွင့်သွားတယ်။ (၁၅)မိနစ် သာသာပေါ့။ ကျောက်တံခါးဝမှာ အနီးကပ်ရောက်ရှိနေတဲ့ ဘုရားဖူးတွေက ပိုကုသိုလ်ထူးကြတယ်။ ဂူတံခါး အပွင့်မှာ လက်ဝတ် ရတနာတွေ ပစ်သွင်းကြတယ်။ ဂူထဲမှာ အရောင်မျိုးစုံစွာ လင်းလက် နေတာတွေ၊ ရောင်ခြည်တော် လွှတ်တော်မူတာ မျက်မြင်ထင်ရှား ဖူးတွေ့သူတွေ အတော်များကြတယ်။ ဘုန်းကြီးတို့က တောင်ပေါ် ရောက်နေလို့ မတွေ့လိုက်ရဘူး။ ပထမ ပွင့်ပွင့်ခြင်း အုံ့အားသင့် နေကြတယ်။ အဲဒီမှာ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ဘုရားဖူးတစ်ဦးက



လက်စွပ်ကိုချွတ်၍ ပစ်သွင်းလှူဒါန်းလိုက်တာမို့ ကျန်ဘုရားဖူး တွေလည်း သတိရလာပြီး ပစ်သွင်းလှူဒါန်းလိုက်ကြတာ ကျောက်ဂူ တံခါးပိတ်တဲ့အထိ ပစ်သွင်းလှူဒါန်းကြတယ်။ ကျောက်ဂူအတွင်း နံရံနဲ့ လက်ဝတ်ရတနာထိတဲ့အသံတွေ အတိုင်းသားကြားရတယ်လို့ ပြောကြတယ် ဒကာကြီး။ ဒကာကြီးတို့ ဒီနှစ်လာဖြစ်ရင် ဖုန်းဆက်လိုက်ပါ""

""မတောင်းတ""ဆရာတော် ဖုန်းချသွားချိန်မှာတော့ သည်နှစ် နွေရာသီဘုရားဖူးခရီးအတွက် အလောင်းတော်ကဿပခရီးစဉ်ပါ ထည့်သွင်းစဉ်းစားနေမိပါတော့၏။ ဖြစ်နိုင်ရင် ထိုခရီး(၃)ခုကို တစ်ခုပြီးတစ်ခု သွားနိုင်လျှင် ကောင်းလေစွဟု စဉ်းစားမိလေ၏။ လာချင်ရင်အနီးကလေးပါဆိုသော်လည်း ခရီးစဉ်က မြန်မာပြည် အောက်ဆုံးအရပ်မှ အထက်အမြင့်ဆုံးအရပ်။ ပြီးတော့ မြန်မာပြည် အနောက်မြောက်စွန်းစွန်းက လူသူမနီး တောနက်ကြီး။ ထိုခရီး(၃)ခုကို တစ်ခုပြီးတစ်ခု သွားဘို့က မလွယ်ကူလှ။ အဓိကကတော့ အလုပ်များ၊ အလုပ်မအားသူပီပီ ရက်ကြာကြာ အချိန်မပေးနိုင်ခြင်းဖြစ်၏။ မည်သည့်ခရီးစဉ်ကို ဦးစားပေးရမှန်းမသိ ဖြစ်နေချိန်မှာ ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၁၉)မှာ နေထိုင်သော 'မူဝံ'သောက်ရေသန့် ဒေါ်မေရီခင်တစ်ယောက် ကားတစ်စီးဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် စာရေးသူထံ ရောက်လာလေ၏။ ဒေါ်မေရီခင်လာလျှင် အကြောင်းထူး စမြဲမို့ တွေ့တွေ့ခြင်းပင် စာရေးသူမှ ""အကြောင်းထူးပါပေါ့

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းတန်ခူး''ဟု နှုတ်ဆက်စကားဆိုလိုက်သောအခါ ဒေါ်မေရီခင်က ညည့်ခန်းရှိ စက်တီပေါ်ဝင်ထိုင်ရင်း ''ထူးပါပေ့ ... ပုပြင်းတဲ့ တပေါင်းလမှာ အေးမြတဲ့ရေအလှူတော်ပွဲ နွှဲမလို့ပါ ... ဒီမှာ ဖိတ်စာ'' ပြောပြောဆိုဆို သပ်ယပ်သော ဖိတ်စာတစ်စောင် စာရေးသူထံ ကမ်းလိုက်လေ၏။

### ရေသန့်ခင် ရေသန့်စက်နှင့် ကျောင်းဇရပ်ဆောင် ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

<u>အလှူနေ့</u> ... ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်။ (၈.၃.၂၀၀၉) တနင်္ဂနွေနေ့။

<u>ကျင်းပမည့်ဌာန</u> ။ ။ အလောင်းတော်ကဿပ ရင်ပြင်တော်ကျောင်း။

ဒေါ်မေရီခင် ကမ်းလာသောဖိတ်စာကို ချက်ခြင်းဖွင့်ပြီး ဖတ်ကြည့်လိုက်သောအခါ စာရေးသူသည် အလွန်တရာမှ အံ့သြသွားလေ၏။ အကြောင်းမှာ ဖိတ်စာ၌ ကျင်းပမည့်ဌာနသည် အလောင်းတော်ကဿပ ဖြစ်နေခြင်းကြောင့် ..။

ခင်မင်သော ဒေါ်မေရီခင်မှ အလောင်းတော်ကဿပ အလှူတော် ရေစက်ချတွင် အခမ်းအနားမှူးအဖြစ် လိုက်ပါ ဆောင်ရွက်ပေးပါရန် တခုတ်တရ မေတ္တာအနုန္တ ဖိတ်မန္တကပြုလာသောအခါ စာရေးသူသည် ငြင်းဆန်၍မရတော့။ 'မှုဝံ'



ဒေါ်မေရီခင်တို့နှင့်အတူတကွ ဘုရားထီးတော်တင်၊ ဗုဒ္ဓါဘိသေ အနေကဇာတော်တင်၊ ကျောင်းတော်ရေစက်ချ၊ သိက္ခာတော်ထပ်ပွဲ၊ ဝိဇာတ အလှူ စသည်ဖြင့် မြန်မာပြည်အနှံ့အပြား ဦးထွန်းမြင့် 'မှုဝံ'ဒေါ်မေရီခင်တို့ ဦးဆောင်လှူဒါန်းပွဲဟူသမျှ စာရေးသူကိုသာ အမိကထားဖိတ်ကြား၍ အတူတကွ ရေစက်ချပွဲပေါင်းများစွာ နွှဲခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ယခု ခရီးစဉ် (၃)ခု ဝေခွဲမရ ဖြစ်နေချိန် မှာတော့ သွားသင့်သောခရီးတစ်ခုသည် 'မှုဝံ'မိသားစုကြောင့် ထင်ရှားစွာ ပေါ်ပေါက်လာရပါသည်။ ထိုခရီးကား အလောင်းတော်ကဿပခရီး။ ယခုအခါမှာ အလောင်းတော်ကဿပမှာ တန်ခိုးတော်ပြ ကျောက်ဂူတံခါးဝ ဖွင့်လှစ်ပြမှုနှင့်အတူ ထူးခြားအံ့ဖွယ် အချက်(၉)သွယ်နှင့် ထူးဆန်းသော ဖြစ်ရပ်များလည်း ဖြစ်ပေါ်ခဲ့သည်ဖြစ်ရာ ဤဆောင်းပါးကိုဖတ်၍ အလောင်းတော်ကဿပသွား ဓမ္မမိတ်ဆွေများအဖို့ လက်တွေ့ အကျိုးများစေမည့် အပြင် ပိုမိုသဒ္ဓါထက်သန်စွာဖြင့် ဖူးမြော်ကြရပါလိမ့်မည်။

မရောက်ဘူးသေးသော ဓမ္မမိတ်ဆွေများအတွက်လည်း ဗဟုသုတဖြစ်စေခြင်းငှါ ရေးသားတင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားဆန်းကြယ် အံ့ဖွယ်ကိုးသွယ်

၁။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနဖြစ်သော လိုဏ်ဂူကြီးသည် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်(၃)လုံးတို့ ဦးညွတ်ကာ ပေါင်းကူးဆက်သွယ်နေခြင်း။

၂။ ၎င်းလိုဏ်ဂူကြီး၏ ကျောက်ခက်ကျောက်ပန်းတို့သည် ပန်းပုဆရာတို့ ရေးထု၍ ဆွဲထားဘိသကဲ့သို့ သယံဇာတ သဘာဝ အလိုလို ဖြစ်ပေါ်နေခြင်း။

၃။ ဝေဘူလတောင်ထိပ်တွင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာများ ပျောက်ကင်းစေရန် မေတ္တာတော်ရေတွင်းကို အဓိဋ္ဌာန်ဖြင့် ရှင်မဟာကဿပ ထားခဲ့တော်မူခြင်း၊ ထိုမေတ္တာရေသည် သောက်သုံး၍မကုန်အောင်ပင် ရှိ၏။ ထိုမေတ္တာရေကို အမျိုးသမီးများ မချိုးရဟု အယူအဆရှိ၏။ ချိုးမိလျှင် ရေများ ချက်ချင်းခန်းခြောက်သည်ဟု ဆိုကြ၏။ ထိုရေကို ဘုရားဖူးလာသူ ရဟန်း၊ ရှင်၊ လူတို့က ဆေးအဖြစ် ထည့်စရာအစုံ တို့ဖြင့် အိမ်အရောက် သယ်ယူသူတို့ကလည်း ရှိကြပေသည်။

၄။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်စံရာ လိုဏ်ဂူအတွင်း လူများမဝင် နိုင်သော်လည်း အလောင်းတော်ကို ရည်စူး၍ လှူဖွယ်ဝတ္ထု ပစ္စည်းတို့ကို ထည့်စရာခွက်တွင်ထည့်၍ (ဤလှူဖွယ်ဝတ္ထု



တို့သည် အလောင်းတော်၏ အသုံးအဆောင်အဖြစ် တည်ရှိပါစေ သတည်း)ဟု အဓိဋ္ဌာန်ပြု၍ ဥမင်အဝမှ မျှောလှူလိုက်သည့်ရှိသော် အောက်ဥမင်ဝသို့ ရောက်သောအခါ လှူဖွယ်ပစ္စည်းများ မပါ၊ ခွက်သာလျှင် မျှောထွက်လာခြင်း၊ ခွက်ရော ပစ္စည်းပါ အဓိဋ္ဌာန်ဖြင့်လှူဒါန်းက အားလုံး အလောင်းတော်၏ အသုံး အဆောင်ဖြစ်၍သွားခြင်း။

**မှတ်ချက်** ။ ။ ယခုအခါ ယခုမျက်မှောက်ကာလတွင် လိုဏ်ဂူ အတွင်း သဲသောင်များ ပိတ်ဆို့နေ၍ ထိုကဲ့သို့ လှူဒါန်းမှုမပြုနိုင် တော့ပေ။ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်လောက်က ရသေးသည်ဟု အလောင်းတော် အနီးအနားရှိ သက်ကြီးရွယ်အို တို့ထံမှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရဖူးပါ၏။ သို့သော် ယခုမျက်မှောက်ကာလ၌ ထူးခြားမှုကား ဘုရားဖူး ပါရမီရှင်အချို့တို့သည် မိမိတို့တွင် ဝတ်ဆင်ထားသော လက်ဝတ် ရတနာများကိုလည်းကောင်း၊ အိမ်မှ အလောင်းတော်ရောက်လျှင် လှူမည်ဟူသော အဓိဋ္ဌာန်ဖြင့် ယူဆောင် လာခဲ့သော ပရိနိဗ္ဗာန် ပြုရာ ကျောက်တံခါးဝ သဲသောင်ပြင်ဝယ် မျက်မှောက်ပြု အဓိဋ္ဌာန်ဖြင့် အလောင်းတော်ဂူအတွင်းသို့ ဌာနပနာတော် အဖြစ် လှူဒါန်းပါသည်ဘုရားဟု လှူဒါန်းကြလေသည်။ (၁၅)မိနစ် အကြာ သဲတွေဖေါ်ကြည့်ရာ ရတနာလှူဖွယ်များ အံ့သြစွာ ပျောက်သွားသည်ကို မျက်မြင်ထင်ရှား တွေ့ကြရ၏။ ယခုနှစ် တပို့တွဲလပြည့် နေ့ က ကျောက်ဂူတံခါးပွင့်ချိန်တွင် ဂူအတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ် ရတနာများစွာ တွေ့ခဲ့ရပါသည်။ ထိုလက်ဝတ်ရတနာ တစ်ချို့ ရှေးယခင်က သဲသောင် မှာ အဓိဋ္ဌာန်ဖြင့် လှူဒါန်းရာမှ တန်ခိုးတော်ဖြင့် ဂူမြတ်မဟာတွင်း ရောက်ရှိခြင်း ဖြစ်နိုင်ပါသည်။

**မှတ်ချက်။** ။ အဓာတသတ်မင်းကြီးတို့ လှူဒါန်းထား ရတနာ များလည်း အများအပြားရှိပါသည်။

၅။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ လိုဏ်ဂူအပေါ်တည့်တည့် နေရာ၌ တောနေဂူအောင်း သတ္တဝါအပေါင်း ဖြတ်သန်းသွားလာမှု မရှိခြင်း။

၆။ အလောင်းတော်ကဿပသို့ ဘုရားဖူး သွားလာကြည်ညို ကြသော ရဟန်း၊ ရှင်၊ လူတို့သည် တော၊ တောင်၊ မြိုင်၊ ချောက်၊ ကမ်းပါးတို့ကို အတန်တန် ဖြတ်ကျော်၍ သွားရငြား သော်လည်း တောသား၊ ရန်သူ၊ ဓားပြ၊ ခိုးသား စသော ဘေးအန္တရာယ်မျိုးနှင့် မတွေ့ကြုံရခြင်း။

**မှတ်ချက်။** ။ သို့သော် ကိုယ်၊ နှုတ်၊ မှုရာ ၊ ယဉ်ကျေးသူတို့ အတွက်သာ ဖြစ်သည်။

၇။ အလောင်းတော်ကဿပသို့ ဘုရားဖူးသွားလာကြသော ရဟန်း၊ ရှင်၊ လူ အပေါင်းတို့တွင် မကောင်းသော အကျင့်အကြံရှိသူ တို့အား နတ်များက အထင်အရှားပြု၍ ခြောက်လှန့်တတ်ခြင်း။

၈။ ရှင်မဟာကဿပ သင်္ကန်းလှန်းသောနေရာ၌ ယခုတိုင် သင်္ကန်း ချုပ်ရိုး အနားပတ်ပါမကျန်၊ ချုပ်ရိုးကွက်များ ကောင်းမွန်စွာ ထင်ထင်ရှားရှား ရှိနေခြင်း။



၉။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုသော ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်တို့တွင် တရားအားထုတ်သူ ရဟန်း၊ ရှင်၊ လူတို့အား နတ်များက သီလ၊ သမာဓိကို စမ်းသပ်ခြင်း၊ သီလ၊ သမာဓိပြည့်ဝ သူတို့ နတ်တို့၏ကူညီမှုဖြင့် အလောင်းတော်စစ်ကို ဝင်ရောက်ဖူးမြော်နိုင်ခြင်း စသော ထူးခြားအံ့ဖွယ် အချက်(၉)သွယ် ကို တင်ပြလိုက်ရပါသည်။

## ထူးခြားသောဖြစ်ရပ်ဆန်းများ

ဘိုကလေးမြို့မှ ဘုရားဖူးပါရမီရှင် အသက်(၅၀)ကျော် အရွယ်ခန့်ရှိ အမျိုးသမီးတစ်ယောက်သည် ၄င်းထံတွင်ရှိသော ရှေးငွေဒင်္ဂါး (၅)ကို အလောင်းတော်ကဿပသို့ရောက်လျှင် (၃)ကို အလောင်းတော်ကဿပ အရှင်မြတ်ကြီးအား လှူဒါန်းမည်။ ကျန်ငွေဒင်္ဂါး (၂)ကို ဝန်ဆောင်ဆရာတော် နှစ်ပါး (ရှင်ကဝိန္ဒ နှင့် ရှင်သုမန)အား တစ်ပါးလျှင် (၁)စီ လှူဒါန်းမည်ဟု ရည်စူးချက် အဓိဋ္ဌာန်ဖြင့် ယူဆောင်လာခဲ့ရာ အလောင်းတော်ကဿပသို့ ရောက်ပြီး ကာလ လိုဏ်ဂူအတွင်းသို့ဆင်း၍ ကျောက်တံခါးဝ၌ သဲသောင်ပြင်ကို ယက်၍ မူလအဓိဋ္ဌာန်အတိုင်း ငွေဒင်္ဂါး(၃)ကို မြှုပ်နှံပြီးလှူဒါန်းပါသည်။ ခေတ္တခဏနေပြီးနောက် အတန်ကြာသောအခါ တူးဖော် ရှာဖွေကြည့်ရာ ပြန်မတွေ့တော့ဘဲ ပျောက်ဆုံးသွားပါသည်။ ထိုအခါ အဆိုပါရမီရှင်

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဖန် ထပ်၍လှူဒါန်းလိုသော သဒ္ဓါတရားတွေ ဖြစ်ပေါ်လာ၍ ရှင်ကဝိန္ဒနှင့် ဖိုဝင်တောင်ဆရာတော် ရှင်သုမန အား တစ်ပါး(၁)စီ လှူဒါန်းမည့်အစီအစဉ်ဖြင့် ကျန်နေသော ငွေဒင်္ဂါး (၂)ကိုပါ အထက်ပါနည်းတူ လှူဒါန်းပြီး တဖန်ပြန်၍ တူးဖော်ရှာဖွေရာ ပြန်၍တွေ့ပါသည်။ ထိုအခါမှ မူလရည်ရွယ်ပြီးသားဖြစ်သော ဆရာတော်တို့ထံသို့လာရောက်ပြီး အကြောင်းစုံလျှောက်ထား၍ အဆိုပါ ငွေဒင်္ဂါး(၂)ကို တစ်ပါးလျှင် (၁)စီ လှူဒါန်းသွားသည်ကိုလည်း ကြားသိခဲ့ရပါသည်။

ထိုနည်းတူစွာ ရှေးခေတ် ငါးမူး၊ တမတ် တန်ဖိုးရှိစဉ်က အုတ်ဖိုမြို့မှ ပါရမီရှင် အမျိုးသမီး နှစ်ယောက်သည် တစ်ယောက်က ငါးမူးစေ့တစ်စေ့ကို အပြီးအပိုင် အာလယပြတ် လှူဒါန်းလိုက်ရာ ပျောက်ဆုံးသွားကြောင်း၊ နောက်တစ်ယောက်မှာ ငါးမူးစေ့တစ်စေ့နှင့် မတ်စေ့တစ်စေ့ကို မြှုပ်နှံလှူဒါန်းလိုက်ရာတွင် တပည့်တော်မသည် အရှင်ဘုရားအတွက် နဝကမ္မအဖြစ် ငါးမူးစေ့တစ်စေ့ကိုတော့ အပြီးအပြတ် လှူဒါန်းပါသည်။ မတ်စေ့တစ်စေ့ကိုတော့ တပည့်တော်မသည် အဆောင်အဖြစ်ထားလိုပါ၍ တပည့်တော်မအား ပြန်၍ စွန့်တော်မူပါဘုရားဟု လျှောက်ထား၍ လှူဒါန်းလိုက်ပါသည်။ လှူဒါန်းပြီး မကြာမီကာလအတွင်း အထက်နည်းတူ တူးဖော်ရှာဖွေကြည့်သောအခါ ငါးမူးစေ့တစ်စေ့မှာ လုံးဝရှာမတွေ့၊ ပျောက်ဆုံးသွားပြီး မတ်စေ့ တစ်စေ့ကိုသာ ပြန်လည်ရှာဖွေတွေ့ရှိကြောင်းကို



အလောင်းတော်ကဿပသမိုင်းသစ် စာအုပ်၌ ဖတ်သား မှတ်သားဖူးပါသည်။ (စာ-၁၁၉)

၁၉၈၀ ခုနှစ်၊ ဝန်းကျင်က အမရပူရမြို့မှ ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် တပည့်များနှင့်အတူ အလောင်းတော် ကဿပသို့ အစီအစဉ်ခရီး သွားရောက်ဖူးမြော်စဉ်ကဖြစ်၏။ ဆရာတော်ကြီးသည် အလောင်းတော် ကျောက်လိုဏ်ဂူကိုဖြတ်၍ စီးဆင်းနေသော စမ်းချောင်းကလေးအတိုင်း ဆွမ်း၊ ရေချမ်း၊ သစ်သီး(၉)မျိုးကို လင်ဘန်းတွင်ထည့်၍ စိတ်ကြံသမှု အစီအစဉ်ပြုကာ ရေစီးအတိုင်း မျှော၍ကပ်လှူလေ၏။ ခေတ္တခဏမျှအကြာ၌ ထိုအလှူလင်ဘန်းသည် ဆွမ်းပန်းကန်၊ သစ်သီးပန်းကန်အလွတ်များဖြင့် ဂူအတွင်းမှ ပြန်ထွက်လာသည်ကို တအံ့တသြ မြင်လိုက်ကြ၏။ ထိုထူးဆန်းစွာ တွေ့ခဲ့ရသော ကိုယ်တွေ့ကြုံကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သဇင်ရုံလမ်းနေ ဆရာတော်ကြီး၏တပည့်ရင်း ဦးမြင့်သန်း (ကုန်သွယ်ရေး)က အလောင်းတော်ကဿပမှအပြန် စာရေးသူအား ဝမ်းသာအားရ ပြန်လည်ပြောပြခဲ့ပါသည်။

## ရှင်သူငယ်ပေါက်

တစ်နေ့သ၌ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ သီးကုန်ရွာတွင် သီတင်းသုံးနေထိုင်သော ရဟန်းတော်တစ်ပါးနှင့် ရှင်သာမဏေငယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသည် အလောင်းတော်ကဿပသို့ ဘုရားဖူးရောက်ရှိကြလေရာ ရဟန်းတော်သည် လိုဏ်ဂူအတွင်း အလောင်းတော်ကဿပရုပ်ခံတတ်အစစ်ကို ဖူးမြင်လိုသောဆန္ဒ ပြင်းပြသည်ဖြစ်၍ ထိုအလောင်းတော်အနီး၌ပင် အဓိဋ္ဌာန်ဖြင့် သီလ၊ သမာဓိ၊ ပညာတို့ကို ရင့်ကျက်စေကာ နေတော်မူရာဝယ် တစ်နေ့သောအခါ နတ်တို့၏အကူအညီဖြင့် ရဟန်းတော်သည် သာမဏေငယ်ကို နောက်ပါးကထား၍ ကျောက်တံခါးဝသို့ ရောက်သောအခါ လောဘ၊ ဒေါသ၊ မောဟတရားကိုပယ်လျက် မေတ္တာဘာဝနာပွားပြီး ကျောက်တံခါးကို လက်ဖဝါးဖြင့် သုံးချက်သပ်ရာ ကျောက်တံခါးပွင့်၍ ငွေတံခါးသို့ ရောက်လေ၏။ ငွေတံခါးလည်း ထိုနည်းအတိုင်း ပွင့်ပြန်၏။ နောက်ရွှေတံခါးလည်း ထိုနည်းတူစွာ ပွင့်ပြန်လေသောအခါ အလောင်းတော်၏ ရှေ့မှောက်သို့ ရောက်လေ၏။ ထိုအခါ ပုထုဇဉ်သဘာဝ အနုသယ လောဘက မပြတ်လေတော့ ရှေးကလှူဒါန်းထားသော နတ်ပြဟ္မာတို့၏ပစ္စည်းများ၊ အဇာတသတ်မင်းနှင့် မင်းပရိသတ်တို့ လှူဒါန်းခဲ့သော အဖိုးတန်ရတနာများအပြင် ဝိဇ္ဇာမိုရ်အပေါင်းတို့၏ ပြဒါးလုံး၊ သံလုံး၊ ဆေးလုံး၊ ဝိဇ္ဇာမယဆေးတောင်ဝှေးတို့ကို လိုချင်ရမ္မက်က မနောဒွါရတွင် တပ်မက်နှစ်သက်လာသောအခါ ရွှေ၊ ငွေ၊ ကျောက် တံခါးသုံးတန်တို့သည် (ချိုင်း)ကနဲ သုံးခါမြည်ဟီး၍ ပိတ်သွားလေတော့၏။ ထိုအခါ ရဟန်းတော်သည် ထိုဂူအတွင်းမှာပင် ဘဝဇာတ်သိမ်း ချုပ်ငြိမ်းရလေတော့သတည်း။



ရှင်သာမဏေငယ်သည်ကား အဖိုးတန်ရတနာတို့ကို တွေ့ရ၊ မြင်ရငြားသော်လည်း ကလေးသူငယ်ဖြစ်၍ အဖိုးတန်သည်ဟုလည်း နားမလည်၊ လူတို့အတွက် အသုံးဝင်သည်ဟုလည်း မသိလေသောကြောင့် ရှင်သာမဏေ၏ သန္တာန်ဝယ် လောဘရမ္မက် အစွန်းမထွက်၊ ထို့ကြောင့် လိုဏ်ဂူစောင့် သမ္မာဒေဝနတ်မြတ်နတ်အပေါင်းက ထွက်ပေါက်ကို ညွှန်ပြပေးကြရာ နတ်တို့ညွှန်သောလမ်းအတိုင်း ထွက်လာ၍ ရှင်သူငယ်သည် အသက်ဘေးမှ ချမ်းသာရာရလေ၏။ သို့ဖြစ်ပါ၍ ရှင်လူငယ် ထွက်လာသောအပေါက်ကို ရှင်သူငယ်ထွက်ပေါက်ဟု ခေါ်ကြလေ၏။ ထိုရှင်သူငယ်အပေါက်ကို တောင်(၃)လုံးဦးညွှတ်ဆုံစည်းရာ ကျောက်ဂူအထက်မှာ ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ (ဘုရားသမိုင်း၊ စာ/၁၂၁။)

## သိဒ္ဓိရှိသောရေစင်

အလောင်းတော်ကဿပတောင်ပေါ်မှ အလောင်းတော်ကဿပကြီး သီတင်းသုံးတော်မူရာ ဂူမြတ်မဟာသို့ သွားရောက်ဖူးရာတွင် မတ်စောက်အမြင့်ပေ (၁၀၀)ကျော်အနက်သို့ ကိုင်တွယ်စရာလက်ကိုင်တန်းများဖြင့် ဖြေးညင်းစွာဆင်းသောအခါ စမ်းချောင်းစပ်အထိရောက်သော် တံတားများ အလောင်းတော်ဂူမြတ်မဟာအထိသွယ်တန်းထား၍ စမ်းချောင်းထဲမှ ရှေးအခါကလို ဖြတ်သန်းသွားလာ

www.burmeseclassic.com



ခြင်းများ မပြုလုပ်ရတော့ပေ။ သို့သော်လည်း ကျောက်လှိုဏ်ဂူအတွင်းရှိ ကျောက်ပန်း ကျောက်ခက်များ ကျောက်နို့ကြီးများမှာ အံ့မခန်းထူးဆန်းစွာဖြင့် သဘာဝအလျှောက် ဖြစ်ပေါ်နေကြပါသည်။

ကျောက်ပန်းဆွဲ ကျောက်ပန်းခက် ကျောက်နို့ကြီးမှ အဆက်မပြတ် ကျောက်စက်ရေများ ကိုယ်ပေါ်သို့ကျလာပါက အလိုက်သဲလိုက် ကျင်ကနဲနေအောင် အေးစက်ခြင်းမျိုး ခံစားရပါသည်။ ရေခဲရေနှင့် သဏ္ဌာန်တူပါသည်။ တစ်ချို့သော ဘုရားဖူးများက ထိုကျောက်စက်ရေများကို ရေသန့်ဘူးများဖြင့် ရသလောက်ခံယူသွားကြသည်ကို မြင်ခဲ့ရပါသည်။ ထိုကျောက်စက်ရေများကို ရေသန့်ဗူး၊ ရေဗူးများဖြင့် ခံယူသွားမှုအပေါ် စူးစမ်းလိုစိတ်ဖြင့် မေးကြည့်သောအခါ လိုရာသုံးလို့ရတယ်ဟု ပြောသွားကြပါသည်။

အလောင်းတော်ကဿပကြီး စံတော်မူရာ ဂူမြတ်မဟာအနီးမှာ ဖူးတွေ့ရသော တောမှီရသေ့ တစ်ပါးအား မေးလျှောက်သောအခါမှာ တောမှီရသေ့ကြီးက သောက်ရင်ကျန်းမာ၊ ဆောင်ရင်အောင်းကင်းကွာဟု တိုတိုနှင့်လိုရင်းကို မိန့်တော်မူပါသည်။

ညပိုင်းတွင် အလောင်းတော်ကဿပနှင့် ဖိုလ်ဝင်တောင်ဩဝါဒါစရိယ နာယက ဆရာတော် ဖြစ်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုမန အရှင်သူမြတ်အား 'ရူပ'ကုမ္ပဏီမှ ဦးထွန်းမြင့် ဒေါ်ခင်မေရီတို့နှင့်အတူ သွားရောက်ဖူးမျှော်၍ ရေသန့်စင်စက်နှင့် ရေသန့်ကန် လှူဒါန်းရန် လျှောက်ထားကြရင်း ဂူမြတ်မဟာ



အတွင်းမှ ကျောက်ပန်း ကျောက်ခက် ကျောက်နို့များမှ အစဉ်မပြတ်တစ်စက်ခြင်းကျလာသော ကျောက်စက်ရေများအကြောင်းဗဟုသုတဖြစ်စေခြင်းငှါ တစ်ဆက်တည်း လျှောက်ထားမေးမြန်းသောအခါ ဩဝါဒါစရိယ ဆရာတော်ကြီးက–

ယုံကြည်သဒ္ဓါ၊ ကတိသစ္စာဖြင့် စိတ်ကြံသမှုကို အဓိဋ္ဌာန်ပြုပါလျှင် ဘေးရန်တွေရှင်း၊ ရောဂါကင်းပြီး မျက်နှာပွင့်လင်းပါကြောင်း၊ တစ်ချို့သော သဒ္ဓါထက်သန်ကြသော ဘုရားဖူးများကတော့ သစ္စာဓိဋ္ဌာန်ပြုပြီးသကာလ ထိုကျောက်စက်ရေအားဦးခေါင်းထိပ်မှ ဦးထိပ်တင်မိုး၍ သရဏဂုံရွတ်ဆိုပွားများ အဓိဋ္ဌာန်ဖြင့်ပင့်ဆောင်သွားကြကြောင်း၊ ထိုအဓိဋ္ဌာန်ကျောက်စက်ရေအားသောက်သုံးခြင်းဖြင့် ကျန်းမာရေး ကောင်းလာခြင်း၊ ကျောက်စက်ရေကို အိမ်မှာဆောင်ထား၍ ထိုအိမ်မှာ တစ်နေ့တစ်ခြား အေးချမ်းသာယာကြောင်း မိန့်ကြားတော်မူပါသည်။

အလောင်းတော်ကဿပအရှင်သူမြတ်ကြီးအား ရန်ကုန်မြို့မှာနေ၍ မုံရွာစစ်ကိုင်းမိသားစုများနှင့် လာရောက်ဖူးမြော်သူဒေါ်ရီရီဝင်းက (အလောင်းတော်ကဿပ တပို့တွဲလပြည့်နေ့ ဂူပွင့်မှတ်တမ်းဓါတ်ပုံ ဓမ္မဒါနပြုသူ) ကျောက်စက်ရေနှင့်ပတ်သက်သောထူးခြားမှုများ စာရေးသူအား ပြောပြသည်မှာ– အလောင်းတော်ကဿပသို့ နှစ်တိုင်းရောက်ကြောင်း၊ ကျောက်စက်ရေအား ရေဗူးများဖြင့် ရန်ကုန်သို့ အဓိဋ္ဌာန်ပြု နှစ်စဉ်နှစ်တိုင်း ပင့်ဆောင်သွားပါကြောင်း၊ ရန်ကုန်ရောက်သော် ရေသန့်ဗူးများပွား၍ မိမိလည်းနေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



သောက်၍ ဈေးရုံအတွင်းရှိ ရောင်းကုန်များကို ထိုပွားထားသော ရေများဖြင့်ပက်၍ ပဌာန်း (၂၄)ပစ္စည်း နေ့စဉ် ရွတ်သောအခါ ဈေးအလွန်ရောင်းကောင်းကြောင်း၊ ဟိုယခင်က အိမ်တွင်နေရသည်မှာ မရွှင်မလန်းနှင့် တစ်ဦးနှင့်တစ်ဦး မခေါ်ချင် မပြောချင်ဖြစ်နေကြောင်း၊ အလောင်းတော် ကဿပမှ ကျောက်စက်ရေနှင့် သစ္စာရေတွင်းမှ ရေများ နေအိမ် ဘုရားဆောင်မှာ ထားသောအခါ အိမ်တွင်းရေးအမှု သောကများ မီးကိုရေနှင့်ဖြိန်းသကဲ့သို့ အေးချမ်းသွားကြောင်း ရှင်းပြပေးပါသည်။ မုံရွာ ဖိုလ်ဝင်တောင်မှ ကဿပတောင်ပေါ်သို့ ကြွတော်မူလာသော အကျိုးတော်ဆောင် "မတောင်းတ"ဆရာတော် ကတော့- ဂူမြတ်မဟာလိုဏ်ဂူအတွင်းရှိ ကျောက်ပန်းဆွဲများမှ ကျောက်စက်ရေ များဟာ အဓိဋ္ဌာန်သတ်မင်းကြီး သစ္စာဆိုစကား ကြောင့် ဖြစ်ထွန်းလာသော ရေစင်နှင့် ရှင်မဟာကဿပမထေရ်သည် ယုံကြည်စွာ သောက်သုံးသူများ ဆေးအကျိုးငှာ မေတ္တာဖြင့်ထားခဲ့ တော်မူသော မေတ္တာရေစင်များ၊ ပူးပေါင်း၍ ကျောက်ပန်းဆွဲများမှ သိဒ္ဓိရေစင်များ အစဉ်မပြတ် သွန်းဖြိုးပေးဝေနေခြင်း ဖြစ်ကြောင်း၊ ထိုရေစင်များသည် အလောင်းတော်ကဿပသို့ အနယ်နယ်အရပ်ရပ်မှ ကြိုးစားပန်းစား ရောက်လာကြသူ ဘုရားဖူး များအား ကျန်းမာချမ်းသာ စေခြင်းငှာ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုလိုက် သည်နှင့် အလိုရှိသလို လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတို့ ဒီရေအလား အမှန်အကန် တိုးပွားမှာဖြစ်ကြောင်း ဆရာတော်မှ မိန့်တော်မူပါသည်။ (သိဒ္ဓိမိုးမဂ္ဂဇင်း၊ အမှတ်-၃၃၊ စာ/၈၁)

## အောင်ဇေယျာကျော် ကြေးစည်တော်

ထူးခြားမှုများထဲမှ ထူးခြားမှုတစ်ခုကတော့ အလောင်းတော် ကဿပအရှင်သူမြတ်ကြီးအား ရည်မှန်း၍ ကြေးစည်ကလေးများ လှူဒါန်းသော အလေ့အထတစ်ခုကို သွားတွေ့မိပါသည်။ အထက် အညာဒေသ အလှူရှင်များက စတင်လှူဒါန်းမှုဖြစ်ကြောင်း ဒေသခံ တို့အား မေးကြည့်သောအခါမှာ သိလာရပါသည်။ ထိုကြေးစည် ကလေးများ လှူဒါန်းသူ အလွန်အင်မတန် များပြားပါသဖြင့် တာဝန်ရှိသူများက စနစ်တကျ ဖြစ်စေခြင်းငှာ ကြေးစည်ဆောင် ဆောက်လုပ်ပေးခဲ့ရပါသည်။ ထိုကြေးစည်ဆောင်မှာ ကြေးစည် ကလေးတွေ အများကြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်လှူဒါန်းထားသည်ကို တွေ့ခဲ့ရပါသည်။ ထိုကြေးစည် များကို အလှူရှင်က ကြေးစည်လှူပြီးလျှင် တစ်ခုချင်း 'ထု'စရာ မလိုပါ။ လက်ဝါးဖြင့် တဖြည်းဖြည်းချင်း ဆွဲလာသောအခါ ကြေးစည်တစ်ခုနှင့်တစ်ခုထိပြီး ကြေးစည်သံတွေ လွင်နေအောင် ကြားရပါသည်။ ကြေးစည်အလှူရှင်များသည် လက်မှကြေးစည်တော် တွေကိုဆွဲလာရင်း နှုတ်မှလည်း အမျှဝေတော်မူကြပါသည်။ အလောင်းတော် ကဿပတောင်ပေါ်မှာ ပြုခဲ့သမျှ ကုသိုလ်အဖို့ ဘာဂကို ၃၁ ဘုံသားတို့အား မျှတပေးဝေ အမျှဝေသံများ ကြားရ ပြီးနောက် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အလောင်းတော်ကဿပကြီးသို့ ရည်မှန်းမှန်း လှူဒါန်းကြကုန်သော ကြေးစည်တော်များ အဆမတန်များပြားလာသောအခါ ဩဝါဒါစရိယ နာယကဆရာတော်ကြီး ဘဒ္ဒန္တသုမန အရှင်သူမြတ်မှ ကြာလာလျှင် ထိုကြေးစည်ကလေးများ ပျောက်ပျက်မှာစိုးပါသဖြင့် လေးမြို့နယ် သံဃာ့နာယက ဆရာတော်များ ဖိတ်ကြားပြီး ညှိနှိုင်းတိုင်ပင်ကာ တညီတညွတ်တည်း ကြေးစည်ငယ်များ စုပေါင်း၍ ကြေးစည်တော်ကြီးအဖြစ် အရည်ကြိုရန် သဘောတူလေ၏။ ထိုအရည်ကြို ပုံလောင်းပြီး၍ ပေါ်ထွန်းလာသော ကြေးစည်တော်ကြီးအား 'အောင်ဇေယျာကျော် ကြေးစည်တော်'ဟု ခေါ်တွင်စေပါသည်။ 'အောင်ဇေယျာကျော်' ဟု ခေါ်တွင်စေရခြင်းမှာ- အောင်(၁) ဇေ(၃) ယျာ(၄) ကျော်(၂) = ၁၃၄၂ ခုဟု အမိပ္ပါယ်ရပါသည်။

၁၃၄၂ ခုနှစ်သည် ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ လေးမြို့နယ် သံဃနာယက ဆရာတော်များ ညီညီညွတ်ညွတ် လက်တွဲ၍ အလောင်းတော်ကဿပ တောင်တော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် စတင်စွမ်းဆောင်ခဲ့သော အထိမ်းအမှတ်အနေအဖြစ် မှည့်ခေါ်ခြင်းဖြစ်ပါကြောင်း ဆရာတော်ကြီးမှ မိန့်တော်မူပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် အလောင်းတော်ကဿပ တောင်ပေါ် ရောက်အောင်သွား အလောင်းတော်ကြီးဖူးကာ ပြုခဲ့သမျှ ကုသိုလ်များကို ၃၁ ဘုံသားတို့အား မျှတပေးဝေ အမျှဝေ၍



ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုပြီးနောက် အောင်ဇေယျာကျော် ကြေးစည်တော်ကြီးကို မပျက်မကွက် တီးဖြစ်အောင်တီးပါ။ ကံမုချ ထူးခြားစွာ အောင်မြင်ကျော်ကြား အသင်ထင်ရှားလာပါလိမ့်မည်။

စာရေးသူနှင့် ဓမ္မမိတ်ဆွေများသည် အလောင်းတော်ကဿပသို့ သွား၍ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများနှင့် ကြည်ညိုဖွယ်ရာ အဖြာဖြာကို လက်လှမ်းမီသမျှ စာရှုသူများသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ စာရှုသူများအနေဖြင့် သဒ္ဓါယိုဖိတ် မေတ္တာစိတ်ဖြင့် သဒ္ဓါဖွေးဖြူ ကျောင်း၊ ဇရပ်၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းလိုပါလျှင် အလောင်းတော်ကဿပ နာယကဆရာတော်ကြီး ဦးသုမန (၀၀၇၁-၂၃၅၉၃)၊ ဖိုလ်ဝင်တောင် ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တော်မူရင်း .....။

www.burmeseclassic.com

www.burmeseclassic.com

## အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝမှ ထူးခြားကွန့်မြူးရောင်ခြည်တော်ထူး

အလောင်းတော်ကဿပ ရင်ပြင်တော်မှာ ဆောက်လုပ်ပြီးစီး
ွားပြီဖြစ်သော ရေသန့်စင် ရေသန့်စက်နှင့် ပေ ၆၀ × ပေ ၅၀
ကျောင်းဆောင်ဇရပ် အလှူတော်ရေစက်ချ အခမ်းအနားသို့
ွားရောက်ကြမည့် စာရေးသူနှင့် ဓမ္မမိတ်ဆွေ (၅၀)ဦးတို့သည်
းကောင်ကင်ဟု အမည်ရသည့်စီးလုံးငှား Air-Con Express
ားကြီးဖြင့် ရန်ကုန်မြို့မှ မုံရွာမြို့သို့ ၅-၃-၂၀၀၉ နေ့၊ နေ့လည်
၁၂)နာရီတွင် စတင် ထွက်ခွါလာကြရာ မုံရွာမြို့သို့ နောက်တစ်နေ့
နက် (၁၀)နာရီတွင် ကြိုတင်ဘွတ်ကင် ပြုလုပ်ထား GOLDEN
RROW ဟိုတယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြလေ၏။

ခရီးရောက်မဆိုက်ပင် စာရေးသူတို့အဖွဲ့ကို ဦးဆောင်လာသူ
ါမေရီခင်၏ လက်ကိုင်ဖုန်းသို့ ဖုန်းဝင်လာလေ၏။ ဖိုလ်ဝင်တောင်



ဆရာတော်ကြီးထံမှဟု သိရ၏။ အကြောင်းမှာ ယနေ့ နေ့လည်စာနှင့် ညနေစာ လှူ(၅၀)စာ စီစဉ်ထားပြီးဖြစ်၍ ယခုအကြိုလွှတ်လိုက်သော ကားဖြင့် ဖိုလ်ဝင်တောင်လာခဲ့ရန် မှာကြားခြင်းဖြစ်လေ၏။ ဖိုလ်ဝင်တောင် ဆရာတော်ဘုရားကြီး၏ မေတ္တာ စေတနာ လွန်စွာကြီးမားစွာဖြင့် စီစဉ်ဆောင်ရွက်ထားသည်မှာ မှန်သော်လည်း စာရေးသူတို့အဖွဲ့သား များက ခရီးပန်းလာကြသည်မို့ ချက်ခြင်း ဖိုလ်ဝင်တောင်သို့ မလိုက်လိုကြပါ။ ဟိုတယ်မှာ အမောပြေ အညောင်းဆန့်၊ ခါးဆန့် အနားယူပြီးမှသွားရန် ဆုံးဖြတ်ကြ၍ ဆရာတော်ထံ အကြောင်း ပြန်ကြားလိုက်လေ၏။ နေ့(၂)နာရီမှ ဖိုလ်ဝင်တောင်ဘုရားများနှင့် ဆရာတော်ကြီးထံပါး လာရောက်ဖူးမြော်ပါရစေဟု တောင်းပန် လျှောက်ထားလိုက်ရလေ၏။ အကြိုလွှတ်လာသောကားတွင် ဖိုလ်ဝင်တောင်ဆရာတော်ကြီး၏ တပည့် မတောင့်တဆရာတော်ပါ လိုက်ပါကြွတော်မူလာရာ မတောင့်တဆရာတော်လည်း နေ့ဆွမ်းကို မုံရွာမြို့မှာပင် ဘုန်းပေးရပေတော့၏။ ကားက ဆရာတော်ကြီး၏ တပည့်ရင်းမှ လိုရာသုံးရန် ခေတ္တလှူဒါန်းထား၍ ကားအတွက်ငွေစရာ မလို၊ စာရေးသူတို့ ဟိုတယ်တွင် အေးချမ်းစွာနားနေခွင့်ရခဲ့ပါ၏။

ဖိုလ်ဝင်တောင်ဆရာတော်ကြီးသည် လေးမြို့နယ် သံဃနာယက ဆရာတော်များ စုပေါင်းညီညာ သာသနာ့ဝန်ဆောင်ရသော အလောင်းတော်ကဿပ သံဃာ့ဝန်ဆောင်အဖွဲ့မှ ဩဝါဒါစရိယ မဟာနာယက ဆရာတော်ကြီးဖြစ်ပါသည်။ ဘွဲ့တော်မှာ မဟာသဒ္ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



ဇောတိကမ္မဇ ဘဒ္ဒန္တသုမန ဖြစ်တော်မူပါသည်။ ဆရာတော်ကြီးသည် အလောင်းတော်ကဿပ နာယကဝန်တာ ကျေပွန်စွာဖြင့် အလောင်းတော်ကဿပ သာသနာ့နယ်မြေမှာ သာသနာရောင်ဝါ လင်းစေလိုသော ဆန္ဒ လွန်စွာပြင်းပြမှုနှင့်အတူ လက်ရှိ ဖိုလ်ဝင်တောင် သာသနာလုပ်ငန်းဆိုင်ရာများကို ပူးတွဲတာဝန်ယူ၍ သာသနာ့အကျိုးသည်ပိုးနေသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးဖြစ်တော်မူပါသည်။

မြန်မာနိုင်ငံ အနှံ့အပြားမှ အလောင်းတော်ကဿပ ဘုရားဖူးများကိုလည်း လိုအပ်မှုမှန်သမျှ အကူအညီများပေးကာ ဖိုလ်ဝင်တောင်မှာ တထောက်နားစေ၍ အလောင်းတော်ကဿပ တောင်ပေါ်သို့ စီစဉ်ဆောင်ရွက် ပို့ထောင်ပေးနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယခုလည်း အလောင်းတော် ကဿပဌ် အလှူတော်ရေစက်ချပွဲသို့ လာကြသော စာရေးသူတို့ အဖွဲ့သားများကို ဧည့်ဝတ်မကျေမှာစိုးပုံရပါသည်။ အလောင်းတော် ကဿပနှင့်ပတ်သက်လာလျှင် နေ့မအား ညမအား သာသနာ့ဝန်ကို ကြိုးပမ်းရွက်ဆောင်တော်မူပါပေသည်။

စာရေးသူတို့သည်လည်း ဟိုတယ်တွင် ခေတ္တ အညောင်းဆန့်ခါးဆန့်ကြပြီး ရေမိုးချိုးကာ ထမင်းစားကြလေ၏။ နေ့ထမင်းစားပြီးချိန် နေ့ခင်း(၂)နာရီမှာတော့ မုံရွာမှ (၁၈)မိုင်ခန့်ဝေးသော ဖိုလ်ဝင်တောင်သို့ ကား(၂)စီးဖြင့် ထွက်ခွါလာခဲ့ကြပါသည်။ (၁)နာရီ



(၁၅)မိနစ်အကြာတွင် ဖိုလ်ဝင်တောင်သို့ ရောက်ပါသည်။ ဖိုလ်ဝင်တောင်ဘုရားများ ရွှေဘတောင်ဘုရားများ ဖူးမြော်ကြပြီးနောက် ညနေအေးချိန်မှာ ဖိုလ်ဝင်တောင် ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ကန်တော့ကြလေ၏။ ဆရာတော်ကြီးမှ ကျောင်းပေါက်ဝမှ ဝမ်းမြောက် ဝမ်းသာ ကြိုဆိုတော်မူပါသည်။ စာရေးသူကိုလည်း တွေ့ရော... "ဟာ...စာရေးဆရာလည်း ပါလာတာကိုး။ အတော်ဘဲ၊ ဒီတောကတင် မိတ္ထီလာက ဒကာတစ်ယောက် လာလှူသွားတဲ့ ထူးထူးဆန်းဆန်း ရောင်ခြည်တော် အလင်းတန်းဓါတ်ပုံတော်ကြီးဖူးရသပ..." ဟု စာရေးသူအား တွေ့တွေ့ခြင်း ဆရာတော်ကြီးမှ မိန့်ကြားတော် မူပါပေ၏။ ဆရာတော်ကြီးကျောင်းခန်းအတွင်း နေရာကိုယ်စီယူ၍ ရှိခိုးဦးတင် ဝတ်ဖြည့်ပြီးချိန်မှာတော့ ဆရာတော်ကြီးမှ မနက်ဖြန် အလောင်းတော်ကဿပခရီးစဉ် အစီအစဉ်ကို မိန့်ကြားတော်မူပါသည်။ မနက်ဖြန် ၇.၃.၂၀၀၉ နံနက် (၅)နာရီမှာ GOLDEN ARROW ဟိုတယ်မှ စာရေးသူတို့အဖွဲ့သားများ စတင်ထွက်ခွါရန် ဆရာတော်ကြီးမှလည်း ဖိုလ်ဝင်တောင်မှ နံနက် (၁)နာရီ ကြိုထွက်မည်ဟု မိန့်တော်မူပါသည်။ ဆရာတော်ကြီးမှ နောက်တစ်နေ့အစီအစဉ်များ မိန့်ကြားပြီးသောအခါ...

"ကဲ...ရန်ကုန်က ဒါယကာ ဒါယိကာမတွေ ဒီပုံတော်ကို ဖူးကြပါ..." ဟု ဆရာတော်ကြီးမှ အလွန်ထူးဆန်းသော ရောင်ခြည်တော်အလင်းတန်းများဖြစ်ပေါ်နေသည့် ဓါတ်ပုံတစ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



ပြသတော်မူပါသည်။ တစ်ဆက်တည်းမှာပင် ဆရာတော်ကြီးက "ဒီဓာတ်ပုံကို တပို့တွဲလပြည့်နေ့ အလောင်းတော်ကဿပဂူတံခါးဝ (၁၅)မိနစ်ကြာဖွင့်ပြီးချိန်မှာ ရိုက်ကူးထားသောပုံဖြစ်ကြောင်း၊ ဤပုံကို မိတ္ထီလာဘုရားဖူးအဖွဲ့မှ ဘုရားဖူး ဒကာတစ်ဦး ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း၊ ထူးထူးဆန်းဆန်း ရောင်ခြည်တော်အလင်းတန်းဓါတ်ပုံကို ပုံကြီးချဲ့၍ စောစောကတင် မိတ္ထီလာဘုရားဖူးအဖွဲ့မှ အများဖူး စေခြင်းငှာ လာလှူသွားကြကြောင်း၊ ဆရာတော်ကြီးမှ ဝမ်းမြောက် ဝမ်းသာ မိန့်တော်မူပါသည်။

စာရေးသူလည်း ဆရာတော်ထံပါး ဆိုက်မြိုက်စွာရောက် လာသော ရောင်ခြည်တော် အလင်းတန်း ဓါတ်ပုံအား ဓါတ်ပုံကူးယူ၍ ဆောင်းပါးရေးသားခွင့်တောင်းရာ၊ ဆရာတော်ကြီးမှ ဝမ်းမြောက် ဝမ်းသာ ခွင့်ပြုသည့်အပြင် "ဒကာကြီး အလောင်းတော်ကဿပမှ ကြည်ညိုဖွယ်ရာ ထူးခြားဖြစ်ရပ်များကို မြန်မာပြည်အနှံ့အပြား ပျံ့နှံ့သွားအောင် ကြည်ညိုသဒ္ဒါပွားအောင် လုပ်ဆောင်နိုင်တာက ဒကာကြီးတို့ စာရေးဆရာတွေသာဖြစ်တာမို့ ဒီတာဝန်ကို ဒကာကြီးတို့ယူပါ။ နိဗ္ဗာန်အကျိုးမျှော် နှီးဆော်ရမှာမို့ ဒကာကြီးတို့ အကျိုးများပါတယ်..."ဟု မိန့်တော်မူပါသည်။ စာရေးသူလည်း ရှိုးသား၍ ပကာသနမပါ ပွင့်လင်းစွာ မိန့်တော်မူသော ဆရာတော် ကြီးကို ကြည်ညိုခြင်းများစွာဖြင့် ရှိခိုးဦးတင်မိပါသည်။



စာရေးသူလည်း အားတက်ရွှင်လန်းစွာဖြင့် ဆရာတော် ထံပါးမှ ရောင်ခြည်တော်အလင်းတန်း ဓါတ်ပုံအား မိမိကင်မရာဖြင့် သေချာကျနစွာ သေချာအောင် အကြိမ်ကြိမ်ရိုက်၍ မှတ်တမ်းတင် ကူးယူနိုင်ခဲ့ပါသည်။

၈-၃-၂၀၀၉ နံနက် (၅)နာရီမှာတော့ မုံရွာဟိုတယ်မှ အလောင်းတော်ကဿပသို့ ထွက်ခွါလာခဲ့ရာ ချင်းတွင်းတံတားကြီးကို ကျော်ဖြတ်၍ ကလေးဝ၊ ယာကြီး ဗျူဟာလမ်းအတိုင်း သစ်ရာပင်၊ သီးကုန်း၊ ကပိုင်၊ ပွင့်ကြီးစခန်း၊ ဂုံညှင်းပင်စခန်း၊ မဟူနတ်နန်း၊ ကျောက်မြောင်းစခန်း၊ ချောင်းမကြီးစခန်း စသည်ဖြင့် တောစခန်း၊ တောင်စခန်း၊ ချောင်းကြီးချောင်းငယ်တို့ကို ဖြတ်သန်းပြီးနောက် ဘုရားဝ သစ်လုံးအိမ် ဆင်စခန်းသို့ နံနက် (၁၀)နာရီသာသာတွင် ရောက်ရှိလာကြပါသည်။ ဘုရားဝ သစ်လုံးအိမ် ဆင်စခန်းမှ ဆင်တစ်ကောင်လျှင် (၄)ဦးနှုန်းတင်၍ (၁)မိုင်သာသာ ဝေးသော တောင်ပေါ် နာယကကျောင်းဆောင်အထိ ခရီးဆက်ကြပြန်ရာ တောင်ပေါ်နာယကကျောင်းသို့ (၁၁)နာရီ (၁၅)မိနစ်တွင် မမ္မမိတ်ဆွေများ စုံညီစွာ ရောက်ရှိလာကြပါသည်။

ခေတ္တခဏနားပြီး ခွပ်ံ ဦးထွန်းမြင့်၊ ဒေါ်မေရီခင်တို့ တည်ခင်း ဧည့်ခံသော နေ့လည်စာအား နာယကဆောင်တွင် မြိန်ယှက်စွာ စားကြ ပြီးနောက် အသစ်စက်စက် ရေစက်ချမည့် ကျောင်းဆောင်ဧရိယာတွင် အရိပ်အာဝါသကလည်းကောင်းသဖြင့် ပင်ပန်းသမျှ အနားယူအိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ ညနေပိုင်းမှာ အစုအဖွဲ့များဖြင့် အလောင်းတော်ကဿပ မထေရ်ကြီး၏ ဂူမြတ်မဟာသို့ သွားရောက်ဖူးမြော်ရှိခိုးပူဇော်ကြပါသည်။

ညနေပိုင်း နေအေးချိန်မှာတော့ အလောင်းတော်ကဿပ သမိုင်းမှာ ပထမဦးစွာတည်ထား ပန်းစေတီများ ပူဇော်ပွဲကို စာရေးသူ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်ကြရာ အလောင်းတော်ကဿပ ကိုးနဝင်းစေတီ ရင်ပြင်တော်မှာ တိုးမပေါက်အောင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါသည်။ ညဦးပိုင်းမှာ ဆီမီး(၁၀၀၀)ပူဇော်ပွဲကို ဆင်နွှဲတော်မူကြပြန်ရာ အလောင်းတော်ကဿပ ရင်ပြင်တော်မှာ အလင်းရောင် ထိန်ထိန် လင်းလျှက် ဘုရားဖူးလာ ဓမ္မမိတ်ဆွေများ၏ ရင်ထဲအသည်းထဲမှာ စိတ်ချမ်းမြေ့ခြင်းများစွာဖြင့် ကြည်နူးပီတိ ဝမ်းဆီထိသကဲ့သို့ ခံစားကြရပါသည်။

အနယ်နယ်အရပ်ရပ်မှရောက်လို့လာ ထောင်ပေါင်းများစွာ ဘုရားဖူးများနှင့်အတူ စာရေးသူတို့ အဖွဲ့သူ အဖွဲ့သား ဓမ္မမိတ်ဆွေများသည် အလွန်အေးစိမ့်လှသည့် အလောင်းတော်ကဿပ ရင်ပြင်တော်မှာ အအေးဒဏ်ကို အံတု၍ အဓိဋ္ဌာန်ပုတီးစိတ်သူကစိတ်၊ တရားဘာဝနာ ပွားသူပွားပြီး ဘုရားရှိခိုးသူက ရှိခိုးနေကြလျှက် ညဉ့်နက်သည့်တိုင် ရင်ပြင်တော်မှာ ရှိနေကြလေ၏။ သန်းခေါင်းယံမှာ နှင်းမိုးသဖွယ် သွန်းဖြိုးလို့လာခြင်းကြောင့် ချမ်းခိုက်ခိုက်တုန်မှု



နှင့်အတူ တစ်ညတာ အိပ်စက်ကြရမည့် အဆောင်အသီးသီးသို့ ပြန်ခဲ့ကြပါသည်။

၈.၃.၂၀၀၉ တနင်္ဂနွေနေ့၊ နံနက် (၇)နာရီ ရေသန့်စင် ရေသန့်စက်နှင့် ကျောင်းဆောင်ဇရပ် ရေစက်ချအခမ်းအနားကြီးကို အသစ်ဆောက်လုပ်ပြီး ကျောင်းဆောင်ဇရပ်မှာ ကျင်းပတော်မူရာ နာယက ဆရာတော်ကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သုမန ဆရာတော်ကြီးနှင့် လေးမြို့နယ် သံဃနာယက ဆရာတော်များ စုံညီစွာ ကြွတော်မူကြပါသည်။

ပုလဲမြို့နယ်၊ သံဃာ့နာယကဥက္ကဋ္ဌဆရာတော်ဘုရားမှ ငါးပါးသီလနှင့် အနုမောဒနာတရား ချီးမြှင့်တော်မူကာ လှူဒါန်းမှု အစုစုအား ဝမ်းမြောက်နုမော်သာခု (၃)ကြိမ် မြိုင်မြိုင်ခေါ်ကြပါတော့၏။ ယခု တစ်ခေါက် စာရေးသူတို့သည် အလောင်းတော်ကဿပသို့ အရောက်သွား လှူဒါန်းဖွယ်ရာ စုံလင်စွာဖြင့် ဆီမီး (၁၀၀၀) ပူဇော်ခြင်း၊ ပန်းစေတီများတည်ခြင်း၊ ဆွမ်း၊ ကွမ်း အပူအအေး လှူဒါန်းခြင်း စသည့်အလှူများနှင့်အတူ ရေစင် ရေသန့်စက်နှင့် ကျောင်းဆောင်ဇရပ် ရေစက်ချအခမ်းအနားကြီးကို အောင်အောင်မြင်မြင် လှူဒါန်းနိုင်ခဲ့ပြီဖြစ်ပါသည်။ စာရေးသူနှင့် ဓမ္မမိတ်ဆွေများသည် အလောင်းတော်ကဿပ ဂူမြတ်မဟာပွင့်စဉ် ကာလနှင့် မကြုံကြိုက်ခဲ့သော်လည်း အလောင်းတော်ကဿပမှ ထူးထူးဆန်းဆန်းရောင်ခြည်တော် အလင်းတန်း ဓါတ်ပုံအား

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်ဝမ်းသာ အနီးကပ်ဖူးမြော်ခွင့်ရခဲ့သလို စာရေးသူအနေဖြင့်လည်း ဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆောင်းပါးရေးခွင့် ရရှိခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သူ၏ထူးခြားကြည်ညိုဖွယ်ရာ အတွေ့အကြုံများကို ခင်မင်သူများအား ဝမ်းသာအားရ ပြန်ပြော တတ်ကြသည်မှာ ဗုဒ္ဓဘာသာဝင်များ၏ ချစ်စရာကောင်းသော အလေ့အထတစ်ခုဖြစ်ပါသည်။ စာရေးသူအနေဖြင့်လည်း ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်လေရာ အလောင်းတော်ကဿပမှ ထူးထူးခြားခြား ပေါ်ထွန်းလာသော ရောင်ခြည်တော်အလင်းတန်းများကို ခင်မင်သော မမ္မမိတ်ဆွေ စာရှုသူများသို့ ဖူးမြင်စေချင်လှသော ဆန္ဒမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါပေသည်။

ရောင်ခြည်တော်ဖူး၍ ထူးကြပါစေ … ။

## အလောင်းတော်ကဿပ၌ ပထမဦးဆုံးတည်ထား ပန်းစေတီများ

"အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝ ပွင့်သွားတာ အနီးကပ်မဟုတ်ပေမဲ့ ခပ်လှမ်းလှမ်းက ဖူးမြင်လိုက်ရတယ်။ တချို့က သက်ဝတ်ရတနာတွေ ပစ်သွင်းလှူဒါန်းကြတယ်။ အလင်းရောင်စဉ်တန်း တစ်ခုကလည်း လျှပ်တပြက်ထွက်ပေါ်လာတယ်။ အခုတစ်ခေါက် တပို့တွဲ ထမနဲပွဲနွဲ့ရင်း အလောင်းတော်သွားရတာ အကျိုးများ လှတယ်။"

မြောက်ဥက္ကလာပ ခေမာသီလမ်းမှာနေတဲ့ မမ္မမိတ်ဆွေ တစ်ဦးဖြစ်သူ ဒေါ်ခင်သက်ထားဆွေက အလောင်းတော်ကဿပမှ အပြန် မုံရွာ မြေပဲယိုလက်ဆောင်လာပေးရင်း သူ့အတွေ့အကြုံများ ပြောပြနေခြင်း ဖြစ်ပါ၏။ ဒေါ်ခင်သက်ထားဆွေ ပြန်သွားပြီး စာရေးသူ၏စိတ်ထဲ စွဲနေသည်က အလောင်းတော်ကဿပ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ဖူးမြော်ရေးပင်ဖြစ်၏။ ဓမ္မမိတ်ဆွေတချို့ အဖေါ်စပ်သော်လည်း မရဖြစ်နေ၏။ ခင်မင်တဲ့ သူငယ်ချင်း သိန်းဦး (ရန်ကုန်လေဆိပ်)ကို အဖေါ်အဖြစ်ခေါ်တော့ သူ့အလုပ်တာဝန်ဝတ္တရား များလှသဖြင့် ခွင့်မရ၍ မလိုက်နိုင်။ ထိုသို့ ဟိုလူခေါ် ဒီလူပြောသော်လည်း ဓမ္မမိတ်ဆွေများအနေဖြင့် ခရီးဝေးလွန်းသည်ကတကြောင်း ပူလွန်းသောနွေရာသီနှင့် အလုပ်များ အလုပ်မအားကြကြောင်း ပြောဆိုလာကြသဖြင့် အလောင်းတော်ကဿပဖူးချင်သော ဆန္ဒကို တကိုယ်တည်းဖြည့်ဆည်းသွားရမလိုဖြစ်နေစဉ်မှာ မမျှော်လင့်သော ဖုန်းက စာရေးသူထံ ဝင်လာ၏။ ရန်ကုန်၊ ယောမင်းကြီးလမ်း ခြံအမှတ်(၁၉)မှာနေ 'မူဝံ'သောက်ရေသန့်လုပ်ငန်းပိုင်ရှင် ဒေါ်မေရီခင်ထံပါးမှ ဖြစ်၏။

"ဦးကံဝင်း....အလောင်းတော်ကဿပ လိုက်မယ် မို့လား...အဲဒီမှာ ကျွန်မတို့ ရေသန့်စင်စက် လှူလိုက်တာ အခု တည်ပြီးသွားပြီ။ ရေသန့်သောက်လို့ရပြီ။ သိန်းပေါင်း(၈၀) ကုန်ကျတယ်။ နောက်ပြီး ဦးထွန်းမြင့် က (၁၀၄)သိန်း မ,တည်ပြီး ဆောက်လု[illegible] ကျောင်းဆောင်ဇရပ်အပါအဝင် လှူဒါန်းမှုအစုစု ရေစက်ချ လှူဒါန်းပွဲလုပ်မယ်။ သံချေးက ရီရီဝင်း ကလည်း အဓာတသတ်မင်းတည်ထား လွမ်းစေတီကို ပြန်လည်ပြုပြင် မွမ်းမံတာ ပြီးသွားပြီမို့ ဗုဒ္ဓါဘိသေက အနေကဓာတင်ပွဲကျင်းပမယ်။ အဲဒါ ဦးကံဝင်းကို ကျွန်မတို့က အစစအရာရာ အသွားအပြန်



စရိတ်ငြိမ်းခေါ်ချင်တယ်။ ဦးကံဝင်းအနေဖြင့်လည်း ကျိုက်ထီးရိုးမှာ ယန်းစေတီတည်သလို ကျွန်မတို့နဲ့အတူ အလောင်းတော်ကဿပမှာ ယန်းစေတီ တည်ပေးရမယ်။ အလောင်းတော်ကဿပ အလှူတော် အောင်ပွဲအထိမ်းအမှတ်ပေါ့။ ဖိုလ်ဝင်တောင်ဆရာတော်ကြီးထံက ဖုန်းလာတယ်။ အလောင်းတော်ကဿပမှာ ယခုအခါ ဘုရားဖူးတွေ အရမ်းများနေလို့ ရှိသမျှဇရပ်တွေနဲ့မလုံလောက်တော့ဘူး။ တောထဲမှာ သစ်ခက်တဲနန်းတွေထိုးပြီး ဖြစ်သလိုတည်းခိုနေကြရတယ်လို့ မိန့်တော်မူတယ်။ အခုလို အလောင်းတော်ကဿပဘုရား ကြည်ညို ဖူးမြော် သူတွေများဆိုတော့ ဦးကံဝင်းရဲ့ ကျိုက်ထီးရိုးမှာ ယန်းစေတီလို ယန်းစေတီများအပြင် ဆီမီး(၁၀၀၀) ပူဇော်ပွဲပါ တွဲကျင်းပလိုက်လို့ ကတော့ ဦးကံဝင်းရေ ဘာပြောကောင်းမလဲ။ အလောင်းတော် ကဿပမှာ ပထမဦးဆုံးတည်ထား ယန်းစေတီများလို့တောင် ဦးကံဝင်း ဆောင်းပါးရေးလို့ရမယ်။

ရေငတ်တုန်း ရေတွင်းတွေ့ဆိုတာ ဒါမျိုးပေါ့...မရှယ်ပါဘဲ စော်ကဲမင်းဖြစ်ရတာထက်ကို ဝမ်းသာလိုက်ရတဲ့ဖြစ်ခြင်း၊ ကျောက်ဝှတံခါးဖွင့်၍ တန့်ခိုးတော်ပြတော်မူသော အလောင်းတော်ကဿပသို့ စရိတ်ငြိမ်းသွားရောက်ဖူးမြော်ရမည့်အပြင် ဇန္နဝါရီ (၁၈)ရက်နေ့က ကျိုက်ထီးရိုးရင်ပြင်တော်မှာ အောင်မြင်စွာတည်ထား ယန်းစေတီများ ကဲ့သို့ အလောင်းတော်ကဿပရင်ပြင်တော်မှာပါ ယန်းစေတီတည်ချင် ကြ၍ ယန်းစေတီတည်ခြင်းအတွေ့အကြုံရှိသူ စာရေးသူအား ယခုကဲ့သို့ လေးစားစွာဖိတ်ကြားကြခြင်းပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အလောင်းတော်ကဿပရင်ပြင်တော်မှာတည်ရှိ သောက်ရေသန့်စက်နှင့် ကျောင်းဆောင်ဇရပ်မ,တည် အလှူရှင် 'ရွှဝံ'သောက်ရေသန့် မိသားစုများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာရေးသူ တစ်ယောက် အလောင်းတော်ကဿပသို့ လိုက်ပါခွင့်ရခဲ့လေ၏။ ရန်ကုန်မြို့မှ ၅.၃.၂၀၀၉ ရက်နေ့ (၁)နာရီမှာ စီးလုံးငှား Air-Con Express ကားကြီးဖြင့် မုံရွာမြို့သို့ ထွက်ခွါလာကြရာ နောက်တစ်နေ့ ၆.၃.၂၀၀၉ ရက်နေ့ နံနက်(၁၀)နာရီတွင် မုံရွာ၊ ဗိုလ်ချုပ်လမ်းမှာ တည်ရှိ GOLDEN ARROW ဟိုတယ်သို့ ချောချောမောမော ရောက်ရှိပါ၏။

GOLDEN ARROW ဟိုတယ်တွင် ၆.၃.၂၀၀၉ ရက်နေ့ တစ်နေ့လုံး နားနေခွင့်ရသဖြင့် အနီးအပါး ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်နိုင်ခဲ့ပါသေး၏။ ၇.၃.၂၀၀၉ ရက်နေ့ နံနက် (၅)နာရီမှာတော့ အလှူရှင်များစီစဉ်ထား မှန်လုံကားနှစ်စီးဖြင့် မိုင်(၆၀)မျှဝေးသော အလောင်းတော်ကဿပသို့ ကလေးဝယာကြီး မဟာဗျူဟာ ကားလမ်းအတိုင်းထွက်ခွါလာခဲ့၏။ ဗျူဟာ ကတ္တရာ လမ်းအတိုင်း မောင်းလာရင်း "အလောင်းတော်ကဿပသို့" လမ်းညွှန်ဆိုင်းဘုတ်မှနေ၍ လမ်းညွှန်အတိုင်း ခရီးဆက်ထွက်ခွါလာရာ သစ်ရာပင်၊ သီးကုန်းကပိုင်ရွာ၊ ကပိုင်ရွာ 'ငွေတောင်ဦး' စားသောက်ဆိုင်အရောက်မှာ ကားခေတ္တနားရင်း စာရေးသူတို့ သည်လည်း အပေါ့အပါးသွား အစာဖြည့်စားကြခြင်းဖြင့် အနားယူကြ လေ၏။



ကပိုင် 'ငွေတောင်ဦး'စားသောက်ဆိုင်မှ ခရီးဆက်လက် ထွက်ခွါလာကြရာ ပွင့်ကြီးစခန်း၊ ဂုံညင်းပင်စခန်း၊ မဟာတောင်ထိပ် နတ်နန်း၊ ကျောက်မြောင်းစခန်း၊ ချောင်းမကြီး တို့ကို ကျော်ဖြတ်ပြီး ချိန်မှာ ဘုရား၀ သစ်လုံးအိမ် ဆင်စခန်းသို့ နံနက်(၁၀)နာရီ (၃၀)မှာ ရောက်ပါသည်။ သစ်လုံးအိမ် ဘုရား၀ဆင်စခန်းမှ ဆင်တစ်ကောင်လျှင် ၈၀၀၀/- နှုန်းဖြင့် ဆင်တကောင် (၄)ဦးနှုန်းတင်ကာ အလောင်းတော် ကဿပတောင်ပေါ်သို့ ဆင်စီးပြီး ခရီးဆက်ကြရာ (၁၁)နာရီ (၃၀)မှာ အလောင်းတော်ကဿပတောင်ပေါ်သို့ ရောက်ပါတော့၏။ တောင်ပေါ် ဆင်ရပ်နားရာနေရာသည် နာယကကျောင်းဆောင်ရှေ့ နားတွင်ဖြစ်ရာ နာယကဆရာတော်ကြီး ဦးသုမနမှ ဆီးကြိုနေပါ တော့၏။ 'ရွှဝံ' ဦးထွန်းမြင့်-ဒေါ်မေရီခင်တို့မှ နေ့စဉ် အဟာရဒါန လှူဒါန်းထားသည်ဖြစ်၍ စာရေးသူတို့လည်း ခရီးကပန်း၊ ဝမ်းက ဟာလာသဖြင့် ဆာဆာနှင့်ကြိတ်လိုက်ကြရာ စားပြီးချိန်မှာ ဗိုက်ကတင်း၊ မျက်စိကစင်းလာ၊ ရေစက်ချမည့်ကျောင်းတော်ဇရပ် မှာပင် တရေးအိပ်လိုက်ကြပါတော့သည်။

နေ့(၂)နာရီသာသာမှာ အဖွဲ့သားများအားလုံး နိုးလာကြ လေ၏။ ကိုယ်လက်သန့်ရှင်းပြီးသည်နှင့် အလောင်းတော်ကြီး ပရိနိဗ္ဗာန်ပြုရာ ဝေဘုလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံး ဒိုခနောက်ဆိုင်ဆုံရာ အလောင်းတော်ဂူမြတ်မဟာသို့ သွားရောက် ဖူးမြော်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တပို့တွဲလပြည့်နေ့က ကျောက်ဂူတံခါးဖွင့်၍ တန်ခိုးပြခဲ့သော ဂူမြတ်မဟာရှေ့မှာ စာရေးသူနှင့် မွေမိတ်ဆွေများ နေရာယူ၍ ဘုရားရှိခိုးသူရှိခိုး၊ ပုတီးစိတ်သူကစိတ်၊ ဂါထာရွတ်သူကရွတ်ဆို မေတ္တာပို့သသူကပို့သနှင့် ကောင်းမှုကုသိုလ် ဘာဝနာပွားနေကြလေရဲ့။ စာရေးသူလည်း ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့သ မျှတာပေးဝေ ကောင်းမှုများပြုလုပ်ပြီးချိန်မှာ ဂူမြတ်မဟာရှေ့ ကွပ်ပျစ်ပေါ်မှာ ခေတ္တနားရင်းမှ အလောင်းတော်ကဿပကြီး၏ အတိတ်သမိုင်း တပိုင်းတစကို တွေးကြည့်နေမိပါတော့၏။

ပါရမီဖြည့်စ နုစဉ်ကာလ တစ်ဘဝက ဂေါတမဘုရား အလောင်း၊ အရိမေတ္တေယျဘုရားအလောင်း၊ အရှင်မဟာကဿပ အလောင်းတို့သည် ညီနောင်(၃)ပါး ဖြစ်ခဲ့ကြသည်။

ပဒုမုတ္တရဘုရားထံမှ နိယတဗျာဒိတ်ခံယူပြီးနောက် ထိုညီနောင်သုံးပါးတို့သည် တောထွက်၊ ရသေ့ဝတ်၊ ဈာန်တရား ရအောင်ကျင့်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဒေသစာရီလှည့်လည်တော် မူကြရင်း၊ သလ္လာဝတီ (ချင်းတွင်း)မြစ် အနောက်ဘက် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးဆုံရာ ယခု အလောင်းတော်ကဿပ မြေသို့ ရောက်လာခဲ့ကြသည်။

ထိုနေရာ၌ တရားကျင့် သီတင်းသုံးနေသောအခါ ''နောင်တော်ကြီး (ဂေါတမဘုရား) ဘုရားဖြစ်၍ ညီငယ် (အရှင်မဟာကဿပ) က ရဟန္တာဖြစ်ပြီးလျှင် နောင်တော်အကြီး



ပရိနိဗ္ဗာန်ဝင်စံသောအခါ ညီငယ်က သင်္ဂြိုဟ်မှသာ တေဇောဓါတ် လောင်ကျွမ်းပါစေသား။ ညီငယ် (အရှင်မဟာကဿပ) ပရိနိဗ္ဗာန် ဝင်စံသော် နောင်တော်အငယ် (အရိမေတ္တေယျဘုရား)က သင်္ဂြိုဟ် မှသာ တေဇောဓါတ်လောင်ကျွမ်းပါစေသား''ဟု ကတိသစ္စာထားခဲ့ကြ လေသည်။

ထိုထားခဲ့သည့် ကတိသစ္စာအတိုင်း နောင်တော်အကြီး ဂေါတမမြတ်စွာဘုရားသည် သက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင်၊ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းရဂုံတွင် မြောက်သို့ဦးခေါင်းပြု၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ စန္ဒကူး ထင်းပုံထက်သို့တင်၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြသော်လည်း လောင်ကျွမ်းခြင်းမရှိဘဲ အရှင်မဟာကဿပ တပည့်ရဟန်း(၅၀၀)နှင့် ကြွ၍ ပူဇော်ပြီးမှသာ တေဇောဓါတ် လောင်ကျွမ်းတော်မူလေသည်။

(မဟာပရိနိဗ္ဗာနမှ)

သို့ဖြစ်၍ နောင်တော်အကြီးနှင့်ထားခဲ့သော ကတိသစ္စာမှာ ပြည့်စုံခဲ့ပေပြီ။ နောင်တော်အငယ် (အရိမေတ္တေယျဘုရား)နှင့် ထားခဲ့သော ကတိသစ္စာမှာ ကျန်နေသေးသည်။ ထို့ကြောင့် အရှင်မဟာကဿပသည် နောင်တော်အငယ် (အရိမေတ္တေယျ ဘုရားအလောင်း)နှင့် ထားရှိခဲ့သည့်ကတိသစ္စာအတိုင်း ပြည့်ဝရ လေအောင် အတိတ်ဘဝဈာန်ရစဉ်က တောဝင်ကျင့်ခဲ့သည့် ဤတောင်သုံးလုံးဆုံရာမြေတွင် အရှင်မဟာကဿပ ပရိနိဗ္ဗာန် ပြုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပ၏ အလောင်းတော်သူညီ့ နောင်တော် အငယ် (အရိမေတ္တေယျ) ဘုရားဖြစ်သော အခါ မှီးသင်္ဂြိုဟ်မှသာ တေဇောဓါတ်လောင်ကျွမ်းမည်ဟု သမိုင်းကဆိုပါသည်။

ထို့ကြောင့် ညီနောင်သုံးပါး ကတိသစ္စာပြုခဲ့ကြသည့်အတိုင်း ယခုတိုင်တည်ရှိနေစေရန် အဓိဋ္ဌာန် ပြုခဲ့ကြသည့်အတိုင်း ယခုတိုင် တည်ရှိနေစေရန် အဓိဋ္ဌာန်ပြုထားခဲ့သော အရှင်မဟာကဿပ၏ အလောင်းတော်ကို "အလောင်းတော်ကဿပ" ဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ (၂၁-ရာစု အလောင်းတော်ကဿပ၊ စာ-၂၅)

"တောင်ပေါ် ရင်ပြင်တော်မှာ နေအေးစပြုပြီ။ ဦးကာ်ဝင်းတို့ ထကြတော့လေ ....."

အလောင်းတော်ကဿပကြီး၏ အတိတ်သမိုင်း တပိုင်းတစကို ပြန်လည်တွေးတောနေစဉ်မှာပင် အလှူရှင်တစ်ဦးဖြစ်သူ ဒေါ်ရီရီဝင်း က ပန်းစေတီတည်ရန် ပြင်ဆင်ဘို့ သတိပေးစကားပြောကြားသံ ကြားလိုက်ရ၍ အတွေးကိုဖြတ်၍ အလောင်းတော်ကြီးအား ကန်တော့ကာ ပန်းစေတီတည်မည့် တောင်ပေါ်ရင်ပြင်တော်သို့ တက်လာခဲ့မိပါတော့၏။

နာယကဆရာတော်ကြီးက ကိုးနဝင်းစေတီတော် ရင်ပြင်တော်မှာ ပန်းစေတီတည်ရန် ညွှန်ကြားတော်မူသဖြင့် ဆရာတော်ကြီးဆန္ဒအတိုင်း ပန်းစေတီကို ရင်ပြင်တော်မှာ တည်ထားရန် လူအင်အားဖြင့် ပြင်ကြဆင်ကြပါတော့၏။



ဝါးလုံးများဖြင့် အခိုင်အမာငြမ်းဆင်ပြီးသောအခါ ရန်ကုန်မှယူလာ ငါးမူးသံဇကာများ ငြမ်းဝါးများနှင့် တွဲချိကြပါသည်။ ငြမ်းဝါးများတွင် တွဲချိပြီး ငါးမူးသံဇကာကွက်တွင် ပန်းများဖြင့် ရွှေတိဂုံ စေတီတော်ပုံ၊ ကျိုက်ထီးရိုးပုံ၊ မဟာဗောဓိ ဗုဒ္ဓဂယာစေတီပုံ စသည်ဖြင့် ပုံများပေါ်အောင် ပန်းထိုးအလှဆင်ကြသည်ဖြစ်ရာ စာရေးသူတို့ အဖွဲ့သားများအပြင် အလောင်းတော်ကဿပသို့ ရောက်လာကြကုန်သော အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများပါ ကူသိုလ်ယူပန်းထိုးကြလေ၏။

တောင်ပေါ်မှာ ညနေဆည်းဆာ နေတောက်ချိန်မှာတော့ အလောင်းတော်ကဿပသမိုင်းမှာ ဦးစွာတည်ထား ပန်းစေတီများ တည်ထားပူဇော်နိုင်ခဲ့ပါသည်။ ပန်းစေတီတည်ထားပူဇော်ရာတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများအပြင် အလောင်းတော် ကဿပသို့ ကြွတော်မူလာ အာဂန္တု ရဟန်းတော်များ၊ သီလရှင် ဆရာကြီးများကပါ ကူသိုလ်ယူ ပန်းစေတီ ပန်းဝိုင်းထိုးကြသည်မှာ ကြည်ညိုဖွယ်ရာ အလွန်ကောင်းလှပါသည်။ ပန်းစေတီ တည်ပြီး ချိန်မှာ ဘုရားဖူးများ အလွန့်အလွန်များပြားလာမှုနှင့်အတူ ပန်းစေတီ များဖြင့် အမှတ်တရ ဓါတ်ပုံရိုက်သူများနှင့် တိုးမပေါက်အောင် ဖြစ်ခဲ့၏။

ဘုရားဖူးများပြားမှုနှင့်အတူ ဆီမီး(၁၀၀၀) ပူဇော်ရန်အတွက် အခက်တွေ့ခဲ့ရ၏။ ရင်ပြင်တော်မှာ ဆီမီး (၁၀၀၀) စာတန်းထော်၍ ဆီမီးပူဇော်ရန် စီစဉ်ထားရာ များပြားလှသော ဘုရားဖူးရသတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အစတည်၍မရ ဖြစ်နေခဲ့ရ၏။ ညဉ့်နက်လေ လူပိုများလေမို့ ည(၈)နာရီသာသာမှာတော့ မဖြစ်တော့ပြီ။ အမာခံ အလှူရှင်များ ဘုရားဖူးတစ်ချို့နှင့်အတူ စာတန်းဖော်ရာတွင် လူအုပ်ဖြင့် အကာကွယ်ယူ စာတန်းဖော်ပြီးသည်နှင့် တပြိုင်နက်တည်း ဆီမီးပူဇော်၊ ဆက်လက်ပူဇော်တော်မူရာ ဆီမီး(၁၀၀၀) အလင်းရောင်သည် အလောင်းတော်ကဿပ ရင်ပြင်တော်မှာ ထိန်ထိန်လင်းလင်း သာပါတော့လေသည်။

၇.၃.၂၀၀၉ ရက်နေ့ စနေနေ့ညက အလောင်းတော်ကဿပသို့ လာရောက်ဖူးမြော်သူ အပေါင်းကို ဂေါပကအဖွဲ့ မှတ်တမ်းစာရင်းများအရ ဘုရားဖူးပေါင်း ခုနစ်သောင်း နှစ်ထောင်ကျော်ရှိကြောင်း နာယက ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူ၍ သိခဲ့ရပါသည်။ အလောင်းတော်ကဿပတောင်တော်တွင် ကျောင်းဇရပ်ပေါင်း အဟောင်းအသစ် (၃၃)လုံးသာရှိ၍ ရောက်လာသော ဘုရားဖူးများနှင့်စာလျှင် တည်းခိုဆောင် အလွန်နည်းပါး နေသည်မှာ အထင်အရှားသိသာလှပါသည်။ တောထဲ တောင်ထဲ လှိုဏ်မြောင်ထဲ၊ ကျောက်တုံး ကျောက်ဆောင်များကြားထဲတွင် သစ်ရွက်သစ်ခက်များ အမိုးအကာပြု၍ တည်းခိုနေထိုင်ကြ သည်ကို မျက်မြင်ထင်ရှား စာရေးသူတွေ့လာခဲ့ရသောအခါ "**ကျောင်းဇရပ်လှူလိုသူများ အလောင်းတော်ကဿပသို့သွား**"ဟု နှိုးဆော်လိုက်ပါသည်။ ပို၍ သာ၍ ထူးခြားသည်က အလွန်တရာ



ကော်လှတဲ့ တောနက်ထဲမှာ မြွေပါးကင်းပါး အန္တရာယ်များအပြင် တောရိုင်းတိရစ္ဆာန် အန္တရာယ်ဟူသမျှ မြူမှုန်မျှမခကြခြင်းသည် အလွန်ထူးခြားလှသည်ဖြစ်ရာ အလောင်းတော်မထေရ်မြတ်ကြီး၏ အဓိဋ္ဌာန်ထား သစ္စာမေတ္တာ တရားကြောင့်ဖြစ်နိုင်ကြောင်း အလောင်းတော် ကဿပ နာယက ဆရာတော်ကြီးမှ စာရေးသူတို့အား မိန့်တော်မူပါသည်။ ဆက်လက်ပြီး ဆရာတော်ကြီးမှ မိန့်တော်မူ ပါသည်။ အလောင်းတော်ကဿပ၌ ယခုနောက်ဆုံး (၃)နှစ်ဆက်တိုက် ဆိုသလို စည်ကားလာခဲ့ပြီး၊ ယခုနှစ် ကျောက်ဂူတံခါးပွင့်လာမှု နှင့်အတူ ဘုရားဖူးများလည်း ကြိတ်ကြိတ်တိုး စည်ကားလာကြောင်း၊ မနှစ်က တစ်ကြိမ် ကျောက်ဂူတံခါးဝ ခဏပွင့်သော်လည်း သတင်း ပျံ့နှံ့မှုနည်းပါးကြောင်း၊ ဒီနှစ်မှာဖြင့် ဂျာနယ်မဂ္ဂဇင်း သတင်းများ ကြောင့် လျှင်မြန်စွာ ဘုရားဖူးများတိုးတက်လာခြင်းအပေါ် စာနယ်ဇင်း သမားတို့အား အထူးကျေးဇူးတင်ပါကြောင်း ဆရာတော်ကြီးမှ အားရဝမ်းသာ မိန့်တော်မူပါသည်။

စာရေးသူနှင့် ဓမ္မမိတ်ဆွေများတည်ထား ပန်းစေတီနှင့် ဆီမီး(၁၀၀၀) ပူဇော်တော်မူရာ ကိုးနဝင်းစေတီတော်ကြီးမှာ ည(၁၀)နာရီတိုင် ဘုရားဖူးများဖြင့် အထူးစည်ကားနေပါသည်။ အလှူရေစက်ချ အစီအစဉ်ကို နဂါးရုံဘုရားရှေ့တော်၌ ရန်ကုန်၊ သာကေတ၊ ရှခင်းသာကျောင်းတိုက်မှ ကြွတော်မူလာသော ဆရာတော် ဦးကုသလ (M.A) အား ပင့်ဖိတ်တော်မူပြီး၊

www.burmeseclassic.com

www.burmeseclassic.com



ရေစက်သွန်းချ ကောင်းမှုကုသိုလ်များပြုကြပါသည်။ စာရေးသူနှင့် ဓမ္မမိတ်ဆွေများ အလောင်းတော် ကဿပဦး ပထမဦးဆုံးတည်ထား ပန်းစေတီများနှင့် ဆီမီး(၁၀၀၀) ပူဇော်အလှူတော်အရပ်ရပ်ကို (၃၁)ဘုံ ကျင်လည်ကြကုန်သော ဇောဓိသတ္တာဝေနေယျတို့အား မျှတပေးဝေ အမျှ(၃)ကြိမ် ပေးဝေသောအခါ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများက ပတ္တနာအောင်ဆု သံပြိုင်ပြု၍ ဝမ်းမြောက်နှမော် သာဓု ... သာဓု ... သာဓု ဟု ခေါ်ဆိုမှုများသည် အလောင်းတော်ကဿပ မဟာမြိုင်တောကြီးတစ်ခုလုံးသာမက နတ်ပြည်ခြောက်ထပ်တိုင် မြည်ဟည်းသွားသည့်အလား ....။

## မြန်မာနိုင်ငံအနောက်မြောက်ပိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ် အလောင်းတော်ကဿပတောင်ပေါ်မှ ဘေးအန္တရာယ်ကင်း သစ္စာရေတွင်း

ဗုဒ္ဓမြတ်သာသနာတော်ကြီး အစဉ်ရေရှည်တည်တံ့နိုင်ရေးအတွက် ဦးစွာပထမ သင်္ဂါယနာ ဦးဆောင်တင်ခဲ့တော်မူသော ဓုတင်ဇတဒဂ်ဘွဲ့ထူးရှင် ရှင်မဟာကဿပကြီးသည် ပရိနိဗ္ဗာန်ဝင်စံခါနီးသောအခါ ရှေးရှေးဘဝ ဆုတောင်းအဓိဋ္ဌာန်ချက်နှင့်အညီ မြန်မာနိုင်ငံ သလ္လာဝတီချင်းတွင်းမြစ်အနောက်ဘက်မှာ တည်ရှိသော သောဘူလ၊ ဝေဘာလ၊ သုနန္ဒရ ဟူသော တောင်သုံးလုံးဆုံရာ ဒေသ၌ ပရိနိဗ္ဗာန် စံတော်မူမည်ရမည်ဖြစ်၍ အဇာတသတ်မင်းကြီး နန်းစိုက်ရာ၊ ရာဇဂြိုဟ်ပြည်မှ ကြွမြန်းတော်မူခဲ့ပါသည်။

ရှင်မဟာကဿပ အရှင်မြတ်ကြီးသည် မဏိပူရ၊ တောင်သာ၊ စေတ်ကောင်း၊ ပန်းဝါ၊ ကသဲမြစ်၊ ဇရက်ချောင်းချောင်း၊ နှင်းကြီးရွာ၊

www.burmeseclassic.com

www.burmeseclassic.com



ဂူလဲရွာ၊ ဖက်ထုပ်ရွာ၊ ဖက်ကပ်ရွာ၊ ပထိုးလုံးချောင်းတစ်လျှောက် ဆက်လက်ကြွတော်မူခဲ့ရာ ပရိနိဗ္ဗာန်ပြုရမည့်ဌာနတော် ရောက်ခါနီး၌ သင်္ကန်းတော် ချွေးစွန်းစိုရွှဲနေသဖြင့် သင်္ကန်းတော်ဖြန့်လှန်းရင်း ခေတ္တခဏ နားနေခဲ့လေ၏။ သင်္ကန်းတော်ကြီး ဖြန့်လှန်းတော်မူရာ ထိုကျောက်တုံးပေါ်တွင် ဘုန်းတန်ခိုးတော်ကြောင့် သင်္ကန်းလှန်း အရာကြီးထင်ကျန်တော်မူခဲ့ပါသည်။ ယနေ့တိုင် ထင်ရှားတွေ့မြင်နိုင်ပါသည်။ သင်္ကန်းလှန်းနေရာမှနေ၍ ပုထိုးလုံးချောင်းအတိုင်း ဆက်လက်ခရီးထွက်ခဲ့ရာ ပုထိုးလုံးချောင်းနှင့် ဖွဲ့ထုံးချောင်းဆုံရာ ဘုရားဝချောင်းသို့ ရောက်ရှိလေသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အကျိုးငှာ မေတ္တာရေတွင်းအား အဓိဋ္ဌာန်ပြု၍ ထားခဲ့လေ၏။

အရှင်မြတ်ကြီးသည် လိုဏ်ဂူအတွင်းရောက်လေလျှင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ အနောက်မြောက်ထောင့်အရပ်ဌာနဆီသို့ ဦးခေါင်းပြု၍ လကျာ်လက်တော် ခေါင်းအုံးတော်မူပြီးလျှင် အနောက်တောင်ထောင့်သို့ မျက်နှာမူကာ လကျာ်နံတောင်းဖြင့် လျောင်းစက်ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါသည်။

အဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပ အရှင်မြတ်ကြီးကို လွန်စွာရိုသေအားထား ကိုးကွယ်တော်မူနေတော်မူရာ အရှင်မဟာကဿပအရှင်မြတ်ကြီး မြန်မာပြည်လူသူမနီး တောတောင်ကြီးတွင် ပရိနိဗ္ဗာန်စံတော်မူကြောင်း သိရှိလျှင် အရှင်မင်းကြီးသည် မှုးမတ်ဗိုလ်ပါစုံလင်စွာဖြင့် ကိုယ်တော်တိုင် လိုက်လာခဲ့လေ၏။



နှင်းကြီးရွာအနီးရောက်သော် ပြည်တန်သောလက်စွပ် ကျမျောက် သဖြင့် ထိုနေရာကို ပြည်တန်ဟု ခေါ်တွင်စေ၏။ လက်စွပ်ကျောက် မပါ ကျောက်အိုးကိုသာ ပါလာသည်ကို သိသောနေရာကို ကျောက်အိုးဟု လည်းကောင်း၊ ဘုရင်မင်းမြတ်လာကြောင်းသိရ၍ ဓူဆိုးပုန်းအောင်းနေသောနေရာကို ပုန်းတောင် (ယခုပုံတောင်) ခေါ်သည်ဖြင့် လာခဲ့ရာ သပိတ်ဆေးချောင်း၊ ပုထိုးလုံးချောင်းအတိုင်း ဆန်၍လာရင် သင်္ကန်းလှန်းတောင်သို့ ရောက်လာလေ၏။ ထိုမှ ခရီးဆက်ရာ မြင်းသည် ပင်ပန်းလှသဖြင့် ခေတ္တနားနေရင်း ခွာယက် နေလေ၏။ (ထိုနေရာ ယခု မြင်းခွါတောင်) ခရီးဆက်ရင်း မြင်းသည် နလုံးကွဲ ပုံးပုံးလဲ သေလေ၏။ ထိုအခါ အဇာတသတ်မင်းကြီးသည် မြင်းဇက်တို့ကို စုပြုံကာ အဓိဋ္ဌာန်ပြုလေ၏။

"ကျွန်ုပ်သည် ရှင်မဟာကဿပ မထေရ်မြတ်အား ရှာ၍ တွေ့မည်မှာ မှန်ကန်ပါက ဤမြင်းဇက်များသည် ကျောက်ဆောင် ကျောက်ခဲ အတိပြီးပါစေသတည်းဟု အဓိဋ္ဌာန်ပြုသောအခါ ထိုမြင်းဇာတ်တို့သည် ကျောက်အတိပြီးပြီးလေ၏။ ထိုအနီးရှိ ချောင်းကို ယခုတိုင် (မြင်းဇက်ပုံချောင်း)ဟု ခေါ်ကြ၏။ ထိုသို့ ခရီးဆက်ရင်း ဝေဘာရတောင်ဝှမ်း မလှမ်းမကမ်းရောက်သောအခါ အလောင်းတော်အား ရှာမရ လက်မှိုင်ချနေရင်း နောက်ဆုံး အကြံတစ်ခု ရ၍ လက်မှာစွဲကိုင်လာသော "လှံ"ကို မြေကိုစိုက်ပြီး သစ္စာပြုပါ လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်၏ ဆရာဖြစ်တော်မူသော ရှင်မဟာကဿပမထေရ် မြတ်ကြီးသည် ဤဒေသ၌ ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှာ မှန်ခဲ့သော် ကျွန်ုပ်သည် ဖူးရပါစေသတည်း။ ကျွန်ုပ်"လုံ"ထိုးစိုက်ထားရာ ယခုနေရာတွင် "လုံ"ကို ထိုးဆွ၍ ရစ်မွှေလိုက်သည်နှင့်တပြိုင်နက် ရေတို့သည် မြေပြင်ပေါ် လျှံထွက်၍ ရှင်မဟာကဿပမထေရ် မြတ်ကြီး ပရိနိဗ္ဗာန်ပြုရာသို့ ရေများစီးဆင်းသွားပါစေတည်း…"

အဇာတသတ်မင်းကြီး သစ္စာအဓိဋ္ဌာန်ပြုပြီးသည်နှင့် ကြည်လင်သောရေစင်များသည် အလောင်းတော်ကြီး ပရိနိဗ္ဗာန် စံတော်မူရာ "ဝေဘာရ"တောင်ခြေသို့ ဦးခိုက်ကာ ဦးတိုက်ကန်တော့ လမ်းပြပေးရှာပါတော့၏။ ထိုအခါကျမှ ဇမ္ဗူရာဇ်၏ ရွှေသားရွှေတုံး ကဲ့သို့ ကြည်ညိုဖွယ်ဂ အလောင်းတော်ကဿပ အရှင်မြတ်ကြီး ပရိနိဗ္ဗာန် ပြုနေသည်ကို ဖူးတွေ့ရပါတော့၏။

အဇာတသတ်မင်းကြီး၏ သစ္စာရေတွင်းတော်သည် ယနေ့တိုင် တောင်ပေါ်အတက်နားကိုက် (၁၀၀)ခန့်အကွာမှာ အထင်အရှားရှိနေသည်ဖြစ်ရာ၊ ထိုရေစင်များသည် သောက်၊ ချိုး၊ သုံးစွဲသော်လည်း ကုန်ခမ်းသည်မရှိ။ အစဉ်အမြဲ အေးမြနေလေ၏။ ထိုသစ္စာရေတွင်းမှ ရေအား ဘုရားဖူးများသည် ကိုယ်တိုင်လည်း သောက်သုံးကြ၍ အပြန်မှာ ရေဘူး၊ ရေပုလင်းများဖြင့် သယ်ယူသွား ကြလေ၏။ ထိုသစ္စာရေသည် ဆေးဖက်ဝင်၍ ရောဂါအမျိုးမျိုး ကင်းစင်လွင့်ပျောက် ချမ်းသာစေခြင်းသို့ ရောက်စေပါသည်။



အလောင်းတော်ကဿပ သာသနာ့နယ်မြေမှာ ထူးထူးခြားခြား ထူးဆန်းအံ့ဖွယ်များကား အများအပြားရှိပါသည်။ ထိုသို့ ထူးခြားဖြစ်စဉ်များမှ စာရေးသူလက်လှမ်းမီသမျှ စုစည်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ နောင် အလျဉ်းသင့်၍ ထူးထူးခြားခြားဖြစ်စဉ်များ ကိုလည်း ရှာဖွေလေ့လာရေးသားပါဦးမည်။ စာရှုသူ ဓမ္မမိတ်ဆွေများ အနေဖြင့်လည်း အလွန်တရာမှထူးခြား ဘုန်းတန်ခိုးကြီးမား အလောင်းတော်ကဿပ အရှင်မြတ်ကြီးထံပါး အရောက်သွား၍ ဖူးဖြစ်အောင် ဖူးစေချင်လှပါသည်။ ဘုရားဖူးကာလမှာ ဖန်နဝါရီလမှ ဧပြီလကုန်အထိ ဖူးမြော်သွားရောက်နိုင်ကြပြီး ရန်ကုန်မြို့မှ ၅၈၁ မိုင်၊ မန္တလေးမြို့မှ ၁၄၈ မိုင် ကွာဝေး၍ မုံရွာမြို့မှဆိုပါက ၅၇ မိုင်၊ ဖိုလ်ဝင်တောင်မှဆိုပါက ၄၅ မိုင်ကွာဝေးသည်ဖြစ်ရာ ခရီးမိုင် မည်မျှဝေးဝေး လာချင်၊ ဖူးချင်ရင် အနီးကလေးမို့ အလောင်းတော် ကဿပ အရှင်မြတ်ကြီးကို ဖူးဖြစ်အောင် သွားဖူးကြစမ်းပါဗျာ။ ဖူးပြီးရင် အမှန်အကန် ထူးပါလိမ့်မည်။ ။

www.burmeseclassic.com

## အလောင်းတော်ကဿပ သာသနာ့နယ်မြေမှ
## အဇာတသတ်မင်း တည်တော်မူ စေတီတော်နှစ်ဆူ

ဤစေတီတော် နှစ်ဆူတော်ကို
ငါမရှိသည့်နောက် ဘုန်းကံကြီးမား
မင်းယောကျ်ားတို့နှင့် ပဋ္ဌာန်းဆက်
ရှိကြကုန်သော (၇)ရက်သားသမီးများက
ပြန်လည်ပြုပြင်မွမ်းမံ လှူဒါန်းနိုင်ကြပါစေကုန်သတည်း။

ဤစေတီတော်နှစ်ဆူ မွမ်းမံပြင်ဆင်
အလှူရှင်တို့သည် အစဉ်ဘေးမသန်း
အေးချမ်းပါစေသတည်း ...

*အဇာတသတ်မင်း၏အဓိဋ္ဌာန်*

အလောင်းတော်ကဿပ၌ ဘုန်းတန်ခိုးတော်ပြ ဂူတံခါး ဖွင့်ပြီးနောက်မှာ စာရေးသူတို့ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရ ပြန်ပါပြီ။ အခုကရောက်လာရခြင်းအကြောင်းရင်းက စာရေးသူနှင့် ခင်မင်သော ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သူ လမ်းမတော် (၄)လမ်းနေ ဘုရားဒါယိကာမကြီး ဒေါ်ရီရီဝင်း ၏ မေတ္တာအနန္တ ဖိတ်မန္တက ပြုခြင်းကြောင့်ဟု ဆိုရပါလိမ့်မည်။



ဘုရားဒါယိကာမကြီး ဒေါ်ရီရီဝင်း မိသားစုသည် အလောင်းတော်ကဿပ နာယကဆရာတော်ကြီး ဘဒ္ဒန္တသုမန အရှင်သူမြတ်ကြီး၏ ဩဝါဒကိုခံယူ၍ အလောင်းတော်ကဿပ သာသနာ့နယ်မြေမှာတည်ရှိ အဇာတသတ်မင်း တည်တော်မူခဲ့သော စေတီတော်နှစ်ဆူမြတ်ကို အသစ်တစ်ဖန်ပြန်လည်ပြုပြင် မွမ်းမံမှုများ ပြုလုပ်ပြီးသကာလ၊ ယခုအခါ အလုံးစုံပြီးစီးအောင်မြင်ခြင်းနှင့်အတူ ရွှေသင်္ကန်းတော်မြတ် ဆက်ကပ်ရှင်လန်း လှူဒါန်းမှုများလည်း ပြီးစီးပြီ ဖြစ်ရာ ဗုဒ္ဓါဘိသေက အနေကဇာတော်တင်ရန်သာ ကျန်ရှိပါတော့၏။ ထိုသို့ သဒ္ဓါထက်သန် စိတ်အားသန်စွာဖြင့် ပြုပြင်မွမ်းမံလှူဒါန်း ပြီးသော အဇာတသတ်မင်းတည်ခဲ့တော်မူ စေတီတော်နှစ်ဆူ ဗုဒ္ဓါဘိသေက အနေကဇာတော်တင်ပွဲ ဆင်ယင်နွှဲဖို့ စာရေးသူပါ အပါခေါ်ခဲ့ခြင်းကြောင့် အလောင်းတော်ကဿပသို့ ရောက်လာရခြင်း ဖြစ်ပါသည်။

စာရေးသူအနေဖြင့်လည်း ဘာသာ သာသနာရေးကိစ္စဖြင့် ရောက်လေရာ သာသနာ့နယ်မြေမှာ အမှတ်တရ တစ်ခုခုပြုရမှ ကျေနပ်သူပီပီ "ဆီမီး ၁၀၀၀ ပူဇော်ပွဲပါထည့်မှဖြစ်မယ်" ဆိုလိုက်သည်နှင့် အလှူရှင်များသည် မဆိုင်းမတွ မုံရွာကို (၁၀)ပိဿာဝင် ဆီတစ်ပုံးလှမ်းမှာ၍ စီစဉ်ပေးထားကြလေ၏။ စာရေးသူနှင့်ဓမ္မမိတ်ဆွေများ အလောင်းတော်ကဿပ စတင်ရောက်သော ညမှာပင် အလောင်းတော်ကဿပ ရင်ပြင်တော်မှာ ဆီမီး ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်နိုင်ရေး နာယကဆရာတော်ကြီးမှ အဆင်သင့်ထွန်းညှိနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားပြီးဖြစ်၍ နာယကဆရာတော်ဘုရားကြီးအား ဝမ်းတွင်းကြိတ်ပြီး ကျေးဇူးတင်နေမိလေ၏။ စာရေးသူ တို့သည် မနက်အစောကြီးထ ကားစီးကြရပြီး၊ ချင်းတွင်းတံတားကြီးကို ဖြတ်သန်း၊ ဗျူဟာလမ်းမှ သစ်ရာပင်၊ သီးကုန်း၊ ကပိုင်ရွာများ ဖြစ်ကျော်၊ ပွင့်ကြီးစခန်း၊ ဂုံညှင်းပင်စခန်း၊ မဟူနတ်နန်း၊ ကျောက်မြောင်းစခန်း၊ ချောင်းမကြီးစခန်း၊ အမျိုးသားဥယျာဉ် ဆင်စခန်း၊ သစ်လုံးအိမ်အထိ ကားဖြင့်လာခဲ့ရပြီး၊ သစ်လုံးအိမ်မှ အလောင်းတော်ကဿပရင်ပြင်တော်ပေါ်သို့ ဆင်များစီး၍ ရောက်လာရခြင်းဖြစ်ရာ ခရီးပန်းသည်မှာတော့ အမှန်ပါ။ မည်မျှပင်ပန်းလာပါစေ။ အလောင်းတော်ကြီးဖူးရပြီဆိုရင်ဖြင့် ပင်ပန်းနွမ်းသမျှ လန်းလန်းဆန်းဆန်း ဖြစ်ရပါတော့၏။ တောအသွယ်သွယ် တောင်အထပ်ထပ် ချောင်းကြီးချောင်းငယ်များ ဖြတ်သန်းရ၍ အတန်ငယ် ခရီးပန်းချိန်မှာ နာယကဆရာတော်ကြီးက ဆီမီး ၁၀၀၀ ပူဇော်နိုင်ရေး ကြိုတင်ပြင်ဆင်ထားပေးခြင်းက အတော် အင်မတန် အဆင်ပြေခဲ့ပါသည်။ ဆီမီး ၁၀၀၀ အောင်အောင်မြင်မြင် ထွန်းညှိပူဇော်ပြီးချိန်မှာဖြင့် အလှူရှင် ဘုရားဒါယိကာမကြီး ဒေါ်ရီရီဝင်းက မနက်ဖြန်မနက် (၇)နာရီမှာ ဗုဒ္ဓါဘိသေက အနေကဇာတော် တင်ပွဲသွားရန် ဆင်များစီစဉ်ထားပြီးကြောင်း အကြောင်းကြားလာပါသည်။ မနက် (၇)နာရီ ဗုဒ္ဓါဘိသေက



အနေကဇာတော်တင်ပွဲ သွားရတော့မှာမို့ မနက်စောစော မနိုးမှာစိုး၍ အတူပါမေ့မိတ်ဆွေတစ်ချို့သည် စောစောအိပ်စက်အနားယူကြရန် စာရေးသူအား နှုတ်ဆက်၍ ဧည့်ဆောင်သို့ သွားနှင့်ကြလေပြီ။ တစ်ချို့သော ဓမ္မမိတ်ဆွေများက စံကျောင်းဘက်ဘုရားသွားဖူးကြမည် ဆိုပြီး သွားကြလေ၏။ ရင်ပြင်တော်ပေါ်မှာ စာရေးသူတို့အဖွဲ့ထဲမှ စာရေးသူတစ်ဦးသာ ကျန်ခဲ့လေ၏။ အနယ်နယ်အရပ်ရပ်မှ ဘုရားလာဖူးကြသူများကတော့ ရင်ပြင်တော်မှာမပြတ်လှ။ စာရေးသူအနေဖြင့် ဝိုင်းဖွဲ့လေကန်နေရမည့်အစား တစ်ကိုယ်တည်း တွေးတောနေခြင်းကို ခုံမင်နှစ်သက်သည်ဖြစ်ရာ တသုန်သုန် တဖြူးဖြူးတိုက်ခတ်လာသော တောင်ပေါ်လေနုအေး ကို ရှူသွင်းရင်း တွေးတောစဉ်းစားနေမိလေ၏။ စာရေးသူ၏ အတွေးများက ဝေးဝေးမသွားပါ။ အလောင်းတော်ကဿပ ရင်ပြင်တော်မှာ အလောင်းတော်ကြီးနှင့် ပတ်သက်သမျှ လေ့လာမှတ်သား ဖတ်ထား သမျှသည် ဘော်ငွေရောင်ပိတ်ကားမှာ ထင်ရှားစွာပေါ်သကဲ့သို့ အစီအရီပေါ်လာပါတော့သည်။

## အလောင်းတော်ကဿပ သမိုင်းအစ

ပါရမီဖြည့်စ နှစဉ်ကာလ တစ်ဘဝ ဂေါတမဘုရား အလောင်း အရိမေတ္တယျ ဘုရားအလောင်း အရှင်မဟာကဿပ အလောင်းတို့သည် ညီနောင်(၃)ပါးဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမုတ္တရဘုရားထံမှ နိယတဗျာဒိတ်ခံယူပြီးနောက် ထိုညီနောင်သုံးပါးတို့သည် တောထွက်၊ ရသေ့ဝတ်၊ ဈာန်တရားရအောင်ကျင့်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဒေသစာရီလှည့်လည်တော်မူကြရင်း သလ္လာဝတီ(ချင်းတွင်း)မြစ် အနောက်ဘက် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးဆုံရာ ယခု အလောင်းတော်ကဿပ မြေသို့ ရောက်လာခဲ့ကြသည်။

ထိုနေရာ၌ တရားကျင့် သီတင်းသုံးနေသောအခါ ''နောင်တော်ကြီး (ဂေါတမဘုရား) ဘုရားဖြစ်၍ ညီငယ် (အရှင်မဟာကဿပ) ရဟန္တာဖြစ်ပြီးလျှင် နောင်တော်အကြီး ပရိနိဗ္ဗာန်ဝင်စံသောအခါ ညီငယ်က သင်္ဂြိုဟ်မှသာ တေဇောဓါတ်လောင်ကျွမ်းပါစေသား'' ညီငယ် (ရှင်မဟာကဿပ) ပရိနိဗ္ဗာန်ဝင်စံသော် နောင်တော်အငယ် (အရိမေတ္တေယျဘုရား)က သင်္ဂြိုဟ်မှသာ တေဇောဓါတ်လောင်ကျွမ်းပါစေသား''ဟု ကတိသစ္စာထားခဲ့ကြလေ၏။

ထိုထားခဲ့သည့် ကတိသစ္စာအတိုင်း နောင်တော်အကြီး ဂေါတမမြတ်စွာဘုရားသည် သက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင်၊ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းရဂုံတွင် မြောက်သို့ဦးခေါင်းပြု၍ ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ စန္ဒကူးထင်းပုံထက်သို့တင်၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြသော်လည်း ‌လောင်ကျွမ်းခြင်းမရှိဘဲ အရှင်မဟာကဿပ တပည့်ရဟန်း



(၅၀၀)နှင့်ကြွ၍ ပူဇော်ပြီးမှသာ တေဇောဓါတ် လောင်ကျွမ်းတော်မူလေသည်။

သို့ဖြစ်၍ နောင်တော်အကြီးနှင့်ထားခဲ့သော ကတိသစ္စာမှာ ပြည့်စုံခဲ့ပေပြီ။ နောင်တော်အငယ် (အရိမေတ္တေယျဘုရား)နှင့် ထားခဲ့သော ကတိသစ္စာမှာ ကျန်နေသေးသည်။ ထို့ကြောင့် အရှင်မဟာကဿပသည် နောင်တော်အငယ် (အရိမေတ္တေယျဘုရားအလောင်း)နှင့် ထားရှိခဲ့သည့်ကတိသစ္စာအတိုင်း ပြည့်ဝရလေအောင် အတိတ်ဘဝဈာန်ရစဉ်က တောဝင်ကျင့်ခဲ့သည့် ဤတောင်သုံးလုံးဆုံရာမြေတွင် အရှင်မဟာကဿပ ပရိနိဗ္ဗာန် ပြုခဲ့လေသည်။

အရှင်မဟာကဿပ၏ အလောင်းတော်သည် နောင်တော်အငယ် (အရိမေတ္တေယျ)ဘုရား ဖြစ်သောအခါ မီးသင်္ဂြိုဟ်မှသာ တေဇောဓါတ်လောင်ကျွမ်းမည်ဟု သမိုင်းက ဆိုပါသည်။

ထို့ကြောင့် ညီနောင်သုံးပါး ကတိသစ္စာပြုခဲ့ကြသည့်အတိုင်း ယခုတိုင်တည်ရှိနေစေရန် အဓိဋ္ဌာန်ပြုထားခဲ့သော အရှင်ကဿပ၏ အလောင်းတော်ကို ''အလောင်းတော်ကဿပ''ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ (၂၁ ရာစု၊ အလောင်းတော်ကဿပ၊ စာမျက်နှာ- ၂၃/၂၄/၂၅)

www.burmeseclassic.com

www.burmeseclassic.com

## ပထမသင်္ဂါယနာအစ အရှင်မဟာကဿပ

ဘုရားရှင် ပရိနိဗ္ဗာန်ပြု၍ (၇)ရက်တာမျှ အချိန်ကာလ၌ ရှင်မဟာကဿပ၏ တပည့်ငါးရာ တို့တွင် အပါအဝင်ဖြစ်သော ဝုဍ္ဎပဗ္ဗဇိတ အသက်ကြီးမှ ရဟန်းဘဝရောက်ခဲ့ရသော သုဘဒ်မည်ရ ရဟန်းကြီးတစ်ပါးက ငါ့ရှင်တို့ ငိုကြွေးမနေကြကုန်လင့်၊ အများသိ၍ ရှာကြသည့်အတိုင်း ဘုရားရှင်ရှိပါက ဘယ်ဟာမလုပ်ရ၊ ဘယ်မသွားရ နှင့် သိက္ခာပုဒ်တွေ ပညတ်တွေ ထုတ်နေတာပဲ။ အခု ဘုရားမရှိက တို့တစ်တွေ ချောင်ချောင်ချိချိ နေကြရပေတော့မည်ဟူသော စကားကို ရှင်မဟာကဿပ ကြားလေလျှင် ဘုရားရှင်ပရိနိဗ္ဗာန် ပြုတာမှ မကြာသေး။ ယုတ်မာသော အလဇ္ဇီရဟန်းတို့၏ ဘေးရန်ကား ကြီးမားလှဘိတကားဟု ဓမ္မသံဝေဂရသောကြောင့် ပိဋကတ်သုံးဖြာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို ခွဲခြားကာစီစဉ်၍ သင်္ဂါယနာတင်ရပါမှ ကောင်းလေစွဟု နှလုံးပြုပြီးလျှင် ဘုရင်အဇာတသတ်မင်းကို ဒါယကာ ပြုလုပ်၍ သက္ကရာဇ်(၁၄၈)ခု ဝါခေါင်လပြည့်ကျော် (၅)ရက် သောကြာနေ့မှစ၍ တပေါင်းလပြည့်ကျော် (၅)ရက်အထိ (၇)လ တိုင်တိုင် ပထမသင်္ဂါယနာကို ရာဇဂြိုဟ်ပြည်၏အနီး ဝေဘာရတောင်ဝှမ်း စရည်ပင်ရောက်ရာ လိုဏ်ဂူဝမြတ်သောမင်္ဂလာ မဏ္ဍာပ်၌ ရှင်မဟာကဿပ အမှူးပြုသော ရဟန္တာငါးရာတို့ သင်္ဂါယနာတင်တော်မူကြလေသတည်း။



ည်ချုက်။ ။ ဇိနတ္ထပကာသနီ၌ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့ ၌ သင်္ဂါယနာတင်ရာ တပေါင်းလပြည့်အထိ (၇)လတို့ဖြစ်သည်။

## ဓါတ်တော်တိုက် စေတီတည်၍ ဌာပနာတော်မူ

အပြည်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို အသီးသီးပင့်ဆောင်၍ စေတီတည်ကာ ကိုးကွယ်ကြ လေသည်။ ရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဓာတ်တော်တို့၏ အန္တရာယ်ကို သိမြင်ရကာ ကုသိနာရုံ၊ ဝေသာလီ၊ ကပိလဝတ်၊ ပါဝါ၊ အလ္လကပ္ပ၊ ဝေဠုဒီပက တိုင်းတို့၌ရှိသော ဓာတ်တော်တို့ကို ဣဋ္ဌပါဒ်တန်ခိုးဖြင့် တစ်ခဏချင်း၊ ပင့်ဆောင်ကာ အဇာတသတ်မင်းနှင့် တိုင်ပင်ပြီး၊ တိုက်ခန်းများစွာတွင် တည်ရှိ၊ ရွှေသား၊ ငွေသား၊ ပတ္တမြား၊ နီလာ၊ ကြုတ်များစွာတို့တွင် ဂေါမုတ်၊ ဥဿဖရား၊ စီခြယ်ကာ ပလ္လင်စံကျောင်း၌ ကိန်းအောင်းရန် ဓါတ်တော်တို့ကို သက္ကရာဇ် ၁၄၈ နှစ် အကျော်ကာလတွင် ဓါတ်တော်တိုက် စေတီတည်၍ ဌာပနာတော်မူခဲ့လေ၏။ သင်းပျံ့ မွှေးကြိုင် နံ့သာတိုင်တို့သည် အနံ့မပြယ်ဖြစ်စေကုန်သတည်း။ ဆီမီးတို့သည် မငြိမ်းကုန်စေသတည်း။ ပန်းတို့သည် မညှိုးစေကုန် သတည်းဟု အဓိဋ္ဌာန်ပြုကာ လျှုဒါန်းပြီးနောက် 'သာဝကပါရမီ ဉာဏ်ဖြင့် အနာဂတ်ဖြစ်ဟန်ကို ကြည့်ရှုဆင်ခြင်တော်မူပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



နောင်သောအခါ ဓမ္မာသောကမင်း ပေါ်ပေါက်လာ၍ ဓါတ်တော်များ တူးဖော်ကာ တိုင်းကြီး၊ သောင်္ဃသတို့၌ စေတီတည်၍ ကိုးကွယ်မည့် အကြောင်း၊ ရွှေပေ၌ရေးသား၍ ဗျာဒိတ်ထားတော်မူခဲ့လေသည်။ (အလောင်းတော် ကဿပ သမိုင်း။ စာ-၇၅၊ ၇၆)

## အရှင်မဟာကဿပ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

ထိုသို့ သက္ကရာဇ် (၁၄၈)ခုနှစ်တွင် သင်္ဂါယနာတင်၍ (၁၄၈)ခုနှစ်အကျော်တွင် ဓာတ်တော် ဌာပနာ စေတီကြီးတည်ပြီး နောက် ရှင်မဟာကဿပမထေရ်ကြီးသည် ပုဗ္ဗေနိဝါသဉာဏ် အနာဂတံသဉာဏ်တော် တို့ကို ဖြန့်ကျက်၍ ရှေ့ကမ္ဘာရှစ်ဆယ်၊ နောက်ကမ္ဘာရှစ်ဆယ်တို့ကို ကြည့်ရှုတော်မူသည်ရှိသော် ငါသည် ပဒုမုတ္တရဘုရားသခင်၏ နိယတဗျာဒိတ်စကားတော်ကိုရပြီးနောက် ဘုရားသာသနာတော်အကုန်တွင် ဗာရာဏသီပြည်မှာ မင်းညီနောင် သုံးပါး၊ တော၌ ဈာန်တရားကိုကျင့်ပြီးမှ ကောင်းကင်ခရီးဖြင့် ဒေသစာရီ လှည့်လည်တော်မူပြီးလျှင် (ဂေါတမ)အလောင်း (အရိမေတ္တေယျ)အလောင်း နောင်တော်နှစ်ပါးတို့နှင့် သလ္လာဝတီမြစ် အနောက်ဘက် ဝေဘူလ-သုနန္ဒရ တောင်သုံးလုံးအတွင်း ငါတို့ရသေ့ ညီနောင်သုံးပါး တရားကျင့်ကြံတော်မူကြသောအခါ ကတိသစ္စာထား တော်မူကြလေ၏။ နောင်တော်ကြီးဘုရားဖြစ်၍ ကျွန်ုပ်က



ရဟန္တာအဖြစ်ကိုရပြီးလျှင် နောင်တော်ကြီး ပရိနိဗ္ဗာန်စံဝင်သောအခါ ကျွန်ုပ်က သင်္ဂြိုဟ်မှသာ တေဇောဓါတ် လောင်ကျွမ်းပါစေ။ ပရိနိဗ္ဗာန်စံဝင်ခဲ့သော် နောင်တော်ငယ်က သင်္ဂြိုဟ်မှသာလျှင် တေဇောဓါတ် လောင်ကျွမ်း ပါစေဟု ထားခဲ့သောကတိရှိကြသည်။

ထိုကတိအတိုင်း နောင်တော်ကြီး ဂေါတမနှင့်ထားခဲ့သော ကတိသည် ယခုအခါ ပြီးပြည့်စုံပြီးဖြစ်သည်။ နောင်တော်ငယ် အရိမေတ္တေယျအလောင်းနှင့်ထားသောကတိသည်သာ ကြွင်းကျန် နေပါသေးတကား။ ဤသို့ ကတိသစ္စာ ထားတော်မူခဲ့ဖူးသောကြောင့် ငါ၏ခန္ဓာကိုယ်သည် ယခုလက်ငင်း တေဇောဓါတ် မလောင်ကျွမ်း နိုင်သေး။ အရိမေတ္တေယျဘုရား ပွင့်တော်မူသောအခါ ရွှေလက်ဝါးတော် ပေါ်၌ လူနတ်ဗြဟ္မာ သတ္တဝါတို့အား တင်ပြမှသာလျှင် တန်ခိုးတော် ကြောင့် တေဇောဓါတ်လောင်ကျွမ်းတော့မည်ကို သိတော်မူ၏။

ငါ၏အလောင်းကို ရှိခိုးပူဇော် လျှုဒါန်းဆုတောင်းလာကြ ကုန်သော လူ၊ နတ်၊ ဗြဟ္မာအပေါင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြစေခြင်းအကျိုးငှာ ပရိနိဗ္ဗာန်ပြုအံ့သောနေရာကို ဒိဗ္ဗစက္ခု ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူပြန်သည်ရှိသော် ဇမ္ဗူဒီပ တမ္ဗဒီပတိုင်း မြန်မာပြည်အထက်ပိုင်း (သလ္လာဝတီ) ချင်းတွင်းမြစ် အနောက်ဘက် (ဝေဘူလ) (ဝေဘာရ) (သုနန္ဒရ) တောင်သုံးလုံး အောက်တွင် ပရိနိဗ္ဗာန်စံယူမှသာလျှင် နောင်တော်အငယ်နှင့် ထားသောကတိသည် ညီပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဘူလ-ဝေဘာရ၊ သုန္နရတောင်အောက်၌ ပရိနိဗ္ဗာန်စံယူတော်မူသည့်ဟု (ဝါ) သစ္စာအဓိဋ္ဌာန်ပြု တော်မူကြသည်ကို သိကြားနတ်မင်းတို့မှ ကြားသောအခါ သိကြားနတ်မင်းတို့သည် ဝေဘူလ၊ ဝေဘာရ၊ သုန္နရ တောင်သုံးလုံးကိုညွှတ်၍ ဝေဘာရတောင် အလယ်ဗဟိုအတွင်း၌ အလျား၊ အနံ၊ အမြင့် (၃၅)တောင် စတုရန်းညီမျှသော (မြ) (ဖန်) (ရွှေ) (ငွေ) စသည်တို့ဖြင့် မွမ်းမံချယ်လှယ်အပ်သော မဟာဂန္ဓကုဋီတိုက်ကို တန်ခိုးတော်ဖြင့် ဖန်ဆင်းထားလေ၏။

၎င်း မဟာဂန္ဓကုဋီတိုက်၏အလယ်၌ အလျား (၁၆)တောင်၊ အနံ(၈)တောင်၊ အစောက်(၄)တောင် မြင့်သော မြသလွန်ညောင်စောင်းနှင့် (၂၅)တောင်မြင့်သော ကြေးပြသာဒ်ကြီးကို ဖန်ဆင်း၍ ထားတော်မူ၏။ ရှင်မဟာကဿပသည် မြောက်သို့ဦးခေါင်းပြု၍ လက်ယာနံတောင်းစောင်း၍ ထိုညောင်စောင်း ထက်ဝယ် ပရိနိဗ္ဗာန် ပြုလေသည်။

## အဇာတသတ်မင်းကြီး ရှာပုံတော်ခရီး

ဗုဒ္ဓမြတ်၏ ဓါတ်တော် ဌာပနာတော် စေတီတော်မြတ်ကြီး တည်ပြီး ရက်အနည်းငယ်ကြာသောအခါ အဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပမထေရ်ကြီးအား သတိရတော်မူလာ၍ ဖူးမြော်ရန်



ကျောင်းတော်သို့ သွားရောက်သောအခါ ရှင်မဟာကဿပမထေရ်မြတ်ကြီးကို ဖူးမြော်ခွင့်မရတော့ပေ။ လွန်ခဲ့သောရက် အတန်ငယ်ကပင် ရှင်မဟာကဿပမထေရ်မြတ်ကြီး ခရီးထွက်တော်မူခဲ့ရာ ယခုတိုင် ပြန်မကြွလာတော့ကြောင်း၊ ကျောင်းအနီးအပါး ဥပါသကာများ၏ ပြောကြား အရှင်မြတ်အကြောင်း ကြားရသောအခါ အဇာတသတ်မင်းကြီးသည် မူးမိုက်မတတ်ဖြစ်အောင် ခံစားလိုက်ရ၏။ နှလုံးပူပန် ပြင်းထန်စွာဖြင့် အပူတပြင်း ရာဇဂြိုဟ်ပြည် နိုင်ငံအနှံ့အပြား လှည့်နေလေ့အောင်း မြင်းဖောင်းမကျန် တောနင်း ရှာဖွေသော်လည်းမတွေ့ရ။ သို့သော်လည်း သတင်းအစအနကိုတော့ ရလိုက်၏။ သပိတ်တစ်လုံးနှင့်အတူ ဒုကုဋ်နှစ်ထပ် သင်္ကန်းကြီး ဦးခေါင်းပေါ်တင်ပြီး လူသူမနီး အရှေ့မြောက်တောကြီးအတွင်းသို့ တိုးဝင်ကွယ်ပျောက် သွားကြောင်းတည်း။

ထိုသတင်းကို အခြေခံ၍ အဇာတသတ်မင်းကြီးသည် မှူးမတ်ဗိုလ်ပါ ဆင်တပ်၊ မြင်းတပ်နှင့် မင်းပရိသတ်နှင့်အတူ သတင်းထောက်လှမ်း တောခရီးကြမ်းကို ဖြတ်သန်းလာကြရာ၊ မြန်မာပြည်အထက်ပိုင်း ချင်းတွင်းဒေသ၊ မင်းကင်းမြို့နယ်၊ နှင်းကြီးကျေးရွာခေါ်၊ အညာလယ်ရွာသို့ ရောက်ရှိလာကြလေ၏။ ထိုအညာလယ်ရွာသူကြီး ဦးကောင်းစင်နှင့်တွေ့မှ အရှင်မဟာကဿပမထေရ်မြတ်၏ ခြေရာကို ခံမိကြတော့၏။ ရွာလူကြီး ဦးကောင်းစင်သည် မထေရ်ကြီးကို ဆွမ်းလုပ်ကျွေးခဲ့ရပုံ၊ ခရီးဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခါနီးမှာ အစဉ်ထာဝရ သတိတရ အမြဲကိုးကွယ်ခွင့်ရရန် ခြေတော်ရာတစ်ဆူ ချပေးတော်မူပါရန် လျှောက်ထားတောင်းပန်သော အခါ ခြေတော်ရာတစ်ဆူ ချတော်မူခဲ့ကြောင်းပြောပြ၍ ခြေတော်ရာကို သွားရောက်ဖူးမြော်ကန်တော့ကြပြီးနောက် အမြော်အမြင်ကြီးမားစွာဖြင့် ခြေတော်ရာတောင်းခံခဲ့သော သူကြီးဦးကောင်းစင်ကို အဇာတသတ် မင်းကြီးသည် ချီးကျူးတော်မူ၍ ဆုလာဘ်တော်များ ချီးမြှင့်လေ၏။ ရွာလူကြီး ဦးကောင်းစင်၏ လမ်းညွှန်လမ်းပြမှုနှင့်အတူ အဇာတသတ် မင်းကြီးသည် ဆရာသခင် ကျေးဇူးရှင် မဟာကဿပမထေရ်အား ခြေရာခံ၍ ရှာတော်မူရာ တောင်ခြေအဆင်းတစ်ခု၌ ချောင်းတစ်ချောင်း ကို တွေ့ရလေ၏။ ထိုချောင်းသည် ကူလဲချောင်းဟုသိရ၏။ ထိုချောင်းအတွင်းဝင်၍ မင်းကြီးဝင်ရောက်ရှာဖွေသော်လည်း ဖူးမတွေ့ရ။ ထိုချောင်းကို မင်းကြီးဝင်၍ ရှာဖွေခြင်းကို အကြောင်းပြု၍ နောင်သောအခါ လူတို့က (မင်းဝင်ချောင်း)ဟု ယနေ့တိုင် ခေါ်ကြ၏။ ထိုချောင်းသည် မင်းကင်းမြို့ တောင်ဘက် (၄)မိုင်ခန့်အကွာတွင် ရှိပါသည်။ ဘုရားထွက်ချောင်းနှင့်ဆိုပါက ငါးဖာလုံခန့်သာ ဝေးကွာပါသည်။

ထိုသို့ ရှာပုံတော်ခရီးဆက်လက်ထွက်ခွါလာရာ အဇာတသတ် မင်းနှင့် မင်းပရိသတ်အပေါင်း တို့သည် ခရီးပန်းလာကြသည်ဖြစ်၍ အညောင်းကိုင်ကာ ကုန်းကုန်းကွကွနှင့် ဖြစ်ကုန်ကြ၏။ ထိုနေရာကို ရှေးအခါက (ညောင်းကိုင်)ဟု အမည်တွင်၍ ယခုအခါ



(ညောင်ကိုင်း) ဟု ခေါ်ကြလေ၏။ ထိုသို့ ခရီးကြမ်း ခရီးပန်းသဖြင့် အညောင်းကိုင်းကာ ကုန်းကုန်းကွကွဖြစ်လာမှုနှင့်အတူ ပေါင်၊ ခြေထောက် ပွန်းပဲ့ဒဏ်ရာ များလည်းရလာကာ အဖုအပိန့် အကျိတ် များထွက်လာသဖြင့် ခေတ္တခဏ စခန်းချနားပြီးသကာလ ဆေးကုသမှု ခံယူရန် သမားတော်အရှာထွက်စေ၏။ ထိုအခါ ထိုအနီးအနား၌ အဆင်သင့်ပင် ထုံးမန်းကျွမ်းကျင်သော သမားတော်တစ်ဦးကို ရှာတွေ့ကာ အနာရောဂါများကို ထုံးမန်းမန်းပြီး ကုသပေးသဖြင့် ပျောက်ကင်းခဲ့ကြလေ၏။ ထိုဆရာနေခဲ့သော ထိုဒေသကို ထုံးမန်းဟု အမည်တွင်ခဲ့လေ၏။ ယခုအခါ ထိုထုံးမန်းရွာသည် မင်းကင်းမြို့၏ တောင်ဘက် (၈)မိုင်ခန့်အကွာ ယနေ့တိုင်တည်ရှိနေလေ၏။

အနာရောဂါများ ကုသနေရင်း အနားယူနေချိန်၌ ဆင်များကို ခေတ္တအနားပေးလွှတ်ကျောင်း ထားရာ၊ အနာရောဂါပျောက်ကင်း၍ ခရီးပြန်ထွက်ရန် ဆင်များပြန်ခေါ်ရာ ရောက်မလာသဖြင့် ဆင်များကို ဆင်ဦးစီးများက လိုက်လံ၍ ပြန်ရှာဖွေဖမ်းရလေ၏။ ဆင်များ ပြန်ရှာဖွေဖမ်းမိသောနေရာကို (ဆင်ဖမ်းကျွန်း)ဟု ခေါ်တွင်စေခဲ့သည်။ ထိုဆင်ဖမ်းကျွန်းနေရာသည် ယခုအချိန်၌ လူသူမနေသော သစ်တော အုပ်ကြီးဖြစ်နေလေ၏။

ဆင်များ ပြန်လည်ဖမ်းမိလာသဖြင့် ခရီးဆက်လက်ထွက်ခွါ အလောင်းတော်ကြီးမထေရ်မြတ်အား ရှာဖွေပြန်ရာ ခရီးတစ်နေရာ၌ အဇာတသတ်မင်းကြီး၏ ပြည်တန်သောလက်စွပ်တွင် ပြည်တန်

www.burmeseclassic.com

www.burmeseclassic.com



နေသောကျောက် ပါမလာပါဘဲ ကျောက်အိုးသာပါလာသည်ကို သတိပြုမိလေ၏။ ထိုနေရာမှ ပြန်လည်ရှာဖွေသောအခါ ပြည်တန်သောကျောက်ကို ပြန်ရှာတွေ့ခဲ့လေ၏။ ပြည်တန်ကျောက် ပြုတ်ကျသောနေရာ (သို့တည်းမဟုတ်) ပြည်တန်ကျောက် ပြန်ရှာဖွေ တွေ့သောနေရာကို ယခုအခါ (ပြည်တန်ရွာ)ဟုခေါ်၍ ကျောက်အိုးသာ ပါလာသည်ကို သတိပြုမိသောနေရာအား (ကျောက်အိုးရွာ)ဟု အမည်တွင်ခဲ့လေ၏။

ထိုသို့ အလောင်းတော်ကြီးရှာဖွေရေးခရီး ဆက်လက်ထွက်ခွါ လာရာ သင်္ကန်းတန်း၊ သပိတ် ဆေးချောင်း စသည်တို့အား ကျော်ဖြတ်၍ ပုထိုးလုံးချောင်းအတိုင်း ဆန်၍ တက်လာကြရာ ဆယ်ရွာချောင်းမှတစ်ဆင့် သင်္ကန်းလှန်းသောနေရာကို ရောက်လာ ကြ၏။ သင်္ကန်းလှမ်းထားခဲ့သောနေရာ အထင်အရှား တွေ့ကြရသော အဇာတသတ်မင်းကြီးနှင့် မင်းပရိသတ်သည် အားတက်ရွှင်လန်းမှုများ ဖြစ်ပေါ်လာခြင်းနှင့်အတူ အလောင်းတော်ကြီးကို ဖူးရလုနီးပြီဟု တထစ်ချတွက်ဆမိကြလေတော့၏။ ထိုသင်္ကန်းလှမ်းနေရာဒေသ ရှာဖွေရေးခရီး ဆက်ပြန်ရာ သည်တစ်ခါမှာတော့ဖြင့် အဇာတသတ် မင်းကြီးသည် မြင်းဖြင့်စီး၍ ခရီးဆက်မည်ဖြစ်၍ မြင်းကောင်းကောင်း ဖြင့် ခရီးပြင်းနှင်လေတော့၏။ ဖူးတွေ့ချင်သောဇောဖြင့် အပြင်းနှင်ရာ စီးတော်မြင်းသည် ပင်ပန်းကြီး၍ ခေတ္တရပ်နားကာ ခွာယက်နေလေ၏။ ထိုနေရာကို ယခု (မြင်းခွါတောင်)ဟု ခေါ်ကြ၏။ စီးတော်မြင်းဖြင့်



ဆက်လက်ခရီးနှင်ရာ ခရီးအတန်အသင့်ရောက်သော် စီးတော်မြင်း သည် အမောဖောက်ပြီး နှလုံးကွဲ ဗုံးဗုံးလဲကာ သေပွဲဝင်ရှာတော့၏။ ထိုအခါ အဇာတသတ်မင်းကြီးသည် အကြံရခက်နေလေသဖြင့် မြင်းဇက်တို့ကို စုပုံ၍ စိတ်ကြံသမှု အဓိဋ္ဌာန်ပြုပါလေတော့၏။ အဓိဋ္ဌာန်ပြုပုံမှာ–

"ငါသည် ဆရာသခင်ကျေးဇူးရှင် မဟာကဿပမထေရ် မြတ်အား ရှာဖွေတွေ့ရှိမည်ဆိုပါလျှင် ဤမြင်းဇက်များသည် ကျောက်ဆောင်ကျောက်ခဲအတိ ဖြစ်ပါစေတည်း …"ဟု အဓိဋ္ဌာန် သောအခါ မြင်းဇက်တို့သည် ကျောက်သားပကတိသို့ ဖြစ်လေ တော့၏။ ထိုအနီးအနားချောင်းကို လူတို့က ယနေ့တိုင် (မြင်းဇက်ပုံချောင်း) ဟု ခေါ်ကြလေ၏။

မြင်းဇက်ပုံအဓိဋ္ဌာန်ပြုရာနေရာမှ ဆက်လက်ရှာဖွေပြန်ရာ တောတောင်အဝှမ်း လျှိုမြောင်စိမ့်စမ်း ကျော်ဖြတ်သန်းရင်း "ဝေဘာရတောင်ဝှမ်း" မလှမ်းမကမ်းတောင်ကုန်းတစ်ခုပေါ် ရောက်လာခဲ့လေ၏။ ထိုတောင်ကုန်းမှာ စခန်းချနေရင်းမှ အဇာတသတ်မင်းသည် မိမိ၏လက်မှာ စွဲကိုင်ထားသော "လှံ"ကို အကြောင်းပြု၍ အကြံအစည်တစ်ခုဖြစ်ပေါ်လာလေ၏။ ထိုအကြံမှာ မိမိ၏လက်သုံးတော် "လှံ"ကို တောင်ကုန်းမြေသို့ ထိုးစိုက်လိုက်ပြီး သကာလ နှုတ်မှလည်း သစ္စာစကား ဆိုတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ငါ၏ ဆရာသခင်ကျေးဇူးရှင် ရှင်မဟာကဿပမထေရ်မြတ်သည် ဤဒေသဝန်းကျင်မှာ ရှိနေရိုးမှန်ပါလျှင် ဤလှံထိပ်ဖျားမြေမှာရစ်မွှေလိုက်သည်နှင့် မြေအောက်မှရေ တောင်ကုန်းပေါ်လျှံစေ၍ ထိုရေစီးကြောင်းသည် လမ်းပြကောင်းသဖွယ် ရှေ့ဆောင်စီးဆင်း ဆရာအရှင်ရှိရာ ညွှန်ပြပါစေသတည်း…” ဟူ၍ သစ္စာစကားဆို၍ လှံတံဖြင့်မြေကိုထိုးစိုက် မွှေသမလိုက်သောအခါ မြေအောက်မှကြည်ကြည်လင်လင် သီတာရေစင်များ ပေါ်ထွက်လာ၏။ သီတာရေစင်သည် မြေပြင်ပေါ်လျှံတက်လျှက် ရေသည်တဖြေးဖြေးခြင်းစတင်စီးဆင်းပါတော့၏။ ရေစီးဆင်းရာလမ်းအတိုင်း အဇာတသတ်မင်းလိုက်ပါလာသောအခါ မင်းမှုထမ်းတို့ကလည်း ထပ်ကြပ်မကွာလိုက်ပါလာလေ၏။ ရှေ့ဆောင်လမ်းပြ ရေစီးရာသို့ လိုက်လာရင်းကိုက်(၁၀၀)ခန့် အရောက်မှာတော့ တောင်သုံးလုံးဦးညွှတ်သောနေရာ “ဝေဘာရ”တောင်ကမ်းပါးယံမှာ သိကြားမင်းဖန်ဆင်းတော်မူအပ်သော လှိုဏ်ဂူကြီးဝယ် ဇမ္ဗူရာဇ်ရွှေသားတုံးကဲ့သို့ ရှင်မဟာကဿပ မထေရ်မြတ် ပရိနိဗ္ဗာန်ပြုနေ သည်ကို အံ့အားသင့်စွာဖူးတွေ့လိုက်ရသဖြင့် အဇာတသတ်မင်းကြီးမှာ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပါတော့၏။

ဝမ်းနည်းရသောအကြောင်းရင်းမှာ ဆရာသခင်ကျေးဇူးရှင်၏နောက်ဆုံးမိန့်ဟ နှုတ်ဆက် ဩဝါဒကို မနာကြားလိုက်ရခြင်းဖြစ်၍ ဝမ်းသာခြင်းအကြောင်းရင်းက ဆရာတော်သခင် ကျေးဇူးရှင်ကို



ဖူးတွေ့ဆုံခွင့်ရလိုက်ခြင်းကြောင့် ဖြစ်ပါ၏။ အဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပမထေရ်၏ ရုပ်ကလာပ်ကို အားရအောင်ဖူးမြော်ပြီးချိန်မှာ မင်းနှင့်အတူတကွ မင်းပရိသတ်အပေါင်းတို့သည် မိမိတို့၌အသီးသီးပါလာကြကုန်သော အဖိုးတန်ရတနာ၊ ကျောက်သံပတ္တမြားတို့အား အရှင်မဟာကဿပ ရုပ်ကလာပ်တော်မြတ် တေဇောဓာတ်လောင်ကျွမ်းသောကာလ အချိန်သမယ၌ သင်္ဂြိုဟ်စရိတ်အဖြစ်လည်းကောင်း၊ အရိမေတ္တေယျ မြတ်ဘုရားပွင့်ချိန်မှာ ကျောင်းတော်ဆောက်လုပ်ရန်အတွက် အဓိဋ္ဌာန်ပြုကာ လှူဒါန်းတော်မူကြလေ၏။

စကားချပ် ။ ။ အဇာတသတ်မင်းကြီးသစ္စာပြုခဲ့သော သစ္စာရေတွင်းသည် အလောင်းတော်ကြီး ရှင်မဟာကဿပ ကျောက်ဂူဝမှတောင်ပေါ်အတက် ကိုက် (၁၀၀)ခန့်အကွာ၊ ယခု အလောင်းတော်

ရုပ်ပွားတော်မြတ်အနီးမှာ ယနေ့ယခုတိုင် တွေ့မြင်နိုင်ပါသည်။

## အလုပ်အကျွေးခန့်အပ် နယ်နိမိတ်မှတ်

အမြော်အမြင်ကြီးမား အဇာတသတ်မင်းကြီးသည် အလောင်းတော်မြတ်ကြီးအား နိယံမ မပြတ် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ အမြဲလှူဒါန်းရန် ဘုရားလှူကြီး ဥပါသကာများ ဖွဲ့စည်းပေးသည့်အပြင် ဝတ္တက မြေမြတ်နေရာဒေသအကျယ်အဝန်းကိုသတ်မှတ်ပေးတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝတ္တကမြေမြတ် သတ်မှတ်သောအကျယ်အဝန်းမှာ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနမှ အရှေ့ကိုလားသော် ခရီးတစ်သောင်း၊ အနောက်လားသော် ခရီးတစ်သောင်း၊ တောင်ကိုလားသော် ခရီးတစ်သောင်း၊ မြောက်ကိုလားသော် ခရီးတစ်သောင်း၊ စုစုပေါင်း စတုရန်းခရီးလေးသောင်းကို အလောင်းတော် ကဿပ ဝတ္တကမြေအဖြစ် သတ်မှတ်ပေးလေ၏။

အမတ်ကြီး မဟာသမ္မိဝကို အကြီးအမှူးအဖြစ် တင်မြှောက်ကာ အတူပါမင်းပရိသတ်တို့ကို အထက်ပါခရီးလေးသောင်းအတွင်းမှာ တည်ရှိ ဝတ္တကမြေပေါ်မှာ အခြေပြု၍ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်ကြလျက် ရှင်မဟာကဿပမထေရ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ အမြဲမပြတ် ဆက်ကပ် လှူဒါန်းရန် ဘုရားလူကြီး ဥပါသကာအဖြစ်နှင့် ထိမ်းသိမ်းစောင့်ရှောက်ကြရမည်ဟု အမိန့်တော်သတ်မှတ်ခဲ့ပါသည်။ အလောင်းတော်ကဿပမထေရ်မြတ်ကြီး၏ အနီးအပါး လူနေကင်း၍ အစဉ်သန့်ရှင်းစေရန် အလောင်းတော်ကဿပမထေရ်မြတ် ပရိနိဗ္ဗာန်ပြုရာ ဗဟိုဌာနမှ (၁)မိုင်မျှကွာဝေးသော ချောင်းတဖက်ကမ်း တောင်ကုန်းမြေပြန့်ကွင်းလွင်ပြင်မှာ ဥပါသကာရွာတည်ပေး၍ နောက်ပါမင်းပရိသတ်တစ်ချို့တို့အား နေစေခဲ့ပါသည်။ အဇာတသတ်မင်းကြီး ရွာတည်ပေးခဲ့သောကြောင့် ထိုဒေသကို ယနေ့ယခုတိုင် အဇာတသတ်ကွင်းဟု ခေါ်ကြလေ၏။

## စေတီတော်နှစ်ဆူ တည်တော်မူ

အဇာတသတ်မင်းကြီးသည် ရာဇဂြိုဟ်သို့မပြန်မီ ဆရာသခင် ကျေးဇူးရှင်ကို လွမ်းဆွတ်သတိရ စေခြင်းငှာ အမှတ်တရစေတီတော် နှစ်ဆူ တည်တော်မူပါသည်။ ထိုစေတီတော်နှစ်ဆူ၏ ဘွဲ့အမည်တော်မှာ လွမ်းစေတီနှင့်ဆုတောင်းပြည့်စေတီတော်ဟု ဘွဲ့အမည်သညာ ထင်ရှားပေါ်တော်မူပါသည်။ အဇာတသတ်မင်းကြီးသည် လွမ်းစေတီနှင့် ဆုတောင်းပြည့်စေတီတော်နှစ်ဆူ တည်တော်မူပြီးသောအခါ အောက်ပါ အတိုင်း သစ္စာဓိဋ္ဌာန်ပြုခဲ့တော်မူပါကြောင်း ရှေးဟောင်းသမိုင်းစာအုပ် များတွင် လေ့လာတွေ့ရှိခဲ့ပါသည်။

ဤစေတီတော်နှစ်ဆူတော်ကို
ငါမရှိသည့်နောက်
ဘုန်းကံကြီးမား မင်းယောကျ်ားတို့နှင့်
ပဋ္ဌာန်းဆက်ရှိကြကုန်သော (၇)ရက်သားသမီးများက
ပြန်လည်ပြုပြင် မွမ်းမံလှူဒါန်းနိုင်ကြပါစေကုန်သတည်း။
ဤစေတီတော်နှစ်ဆူ မွမ်းမံပြင်ဆင်အလှူရှင်တို့သည်
အစဉ်ဘေးမသန်း အေးချမ်းပါစေသတည်း ...။

www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မင်းကြီးသည် ဆရာသခင်ကျေးဇူးရှင်၊ ရှင်မဟာကဿပ မထေရ်ကြီးအပေါ် အလွန်တရာအားကိုး ဆည်းကပ် ကိုးကွယ်တော်မူခဲ့သော မင်းကြီးတစ်ပါး ဖြစ်တော်မူခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရားသခင်မြတ်ကြီး ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းကာလမှာ အဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပမထေရ် မြတ်ကြီးနှင့် ဗုဒ္ဓမြတ်စွာသာသနာ အစဉ်လန်းဆန်းတည်တံ့စေခြင်းငှာ မင်းဒါယကာအဖြစ် ပထမသင်္ဂါယနာ တင်တော်မူနိုင်ခဲ့ပေ၏။ ထိုသင်္ဂါယနာတင်နိုင်ခဲ့ခြင်းအကျိုးကား ထေရဝါဒတည်းဟူသော ယနေ့ထက်တိုင် ထေရဝါဒ သာသနာတော်ကြီး အစဉ်မညှိုးနွမ်း ပွင့်သောပန်းကဲ့သို့ လန်းဆန်းဝေစီ သန့်ရှင်းတည်တံ့နေတော်မူနေခြင်းမှာ ထိုသင်္ဂါယနာတင်နိုင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါပေတော့သည်။

## ၈.၃.၂၀၀၉ ရက်နေ့ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ

ညက အတွေးကောင်းမှုကြောင့် ယနေ့မနက် အိပ်ယာထ နောက်ကျခဲ့လေ၏။ ဗိုလ်ချုပ်ဈေးသစ်မှ ဆေးဆိုင်ပိုင်ရှင် ကိုတင်ဝင်း လာနှိုးမှ နိုးလေ၏။ ကပျာကယာ နံနက်ခင်း ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးချိန်မှာ အနေကဇာတင်ပွဲ လိုက်ပို့မည့်ဆင်များ ရောက်လာပြီဖြစ်၍ စုရပ်ဇရပ်သို့ အမြန်ပြေးရလေတော့၏။



စုရပ်ဇရပ်ရောက်သောအခါ ဘုရားဒါယကာမ ဒေါ်ရီရီဝင်းက နံနက်ခင်းအဆာပြေအတွက် ဆီထမင်းနှင့် အာပြဲခြောက်ကြော် ထည့်ထားသော ဖော့ဗူးတစ်ဗူးနှင့် ရေတာပုလင်း စီစဉ်ပေးထားသဖြင့် ဆင်မစီးမီ အဆာပြေစားနိုင်ခဲ့ပါ၏။ လူစုံသောအခါ ဆင်တစ်ကောင်လျှင် (၄)ဦးနှုန်းဖြင့် စီးရသည်ဖြစ်ရာ ပင့်သံဃာတော်(၁၀)ပါးက ဦးစွာဆင်ပေါ်တက်ကြ၏။ (၄)ပါးစီ စီးရမည်ဖြစ်ရာ ဆရာတော် ရှစ်ပါးက ဆင်နှစ်ကောင်ဖြင့်လည်းကောင်း၊ ကျန်နှစ်ပါးနှင့်အတူ စာရေးသူနှင့် ကိုတင်ဝင်းတို့ လိုက်ပါစီးကြရ၏။ ကျန်ဧည့်သည်ပရိသတ်များလည်း ဆင်များပေါ်တက်ရောက်ပြီးချိန်မှာ အဇာတသတ်ကွင်းမှာ တည်တော်မူ စေတီတော်နှစ်ဆူထံသို့ ထွက်ခွါလာကြတော့၏။

လမ်းခရီးတွင် မင်းကင်း၊ ကနီ၊ ပုလဲ၊ ဒေသံများမှ ဘုရားဖူးများ ကြိတ်ကြိတ်တိုး စည်ကား လာရောက်ဖူးမြော်ကြသဖြင့် လမ်းခရီးမှာ ဆင်များ တဖြေးဖြေးနှင့် သွားနေကြရ၏။ (၄၅)မိနစ်မျှ စီးရမည့် ခရီးမှာ (၁)နာရီကြာမှ လွှမ်းစေတီရင်ပြင်တော်ပေါ် ရောက်လေ၏။ မူလစီစဉ်ထား နံနက် (၉)နာရီတိတိမှာ ပုလဲမြို့နယ်၊ သံဃနာယကဥက္ကဋ္ဌဆရာတော် အမှူးပြုဆရာတော် သံဃာတော် အရှင်မြတ်များမှ ဗုဒ္ဓါဘိသေက အနေကဇာတော်တင်တော်မူကြရာ (၁၀)နာရီတွင် အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးသော အဇာတသတ်မင်း တည်တော်မူ စေတီတော်နှစ်ဆူတော်ကို အနေကဇာတော် တင်တော်မူနိုင်ခဲ့ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com




ဖိုးတံမေ ... အောင်ပြီ ... ဟူသော အောင်သံများနှင့်အတူ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြပါသည်။ အဇာတသတ်မင်းကြီး တည်ခဲ့တော်မူ စေတီတော်နှစ်ဆူဖြစ်တော်မူသော လွမ်းစေတီ နှင့် ဆုတောင်းပြည့်စေတီ မွမ်းမံ အလှူရှင်များကတော့ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်းနေ ဦးအေး+ဒေါ်ရီရီဝင်း သမီး အေးသီတာ၊ စောမာလာ၊ သား-သက်နိုင်ဦး၊ မသက်ဖြူဝင်း ဒေါက်တာကျော်ဇော၊ မခင်ချိုခက် မိသားစုတို့က သဒ္ဓါထက်သန် စိတ်အားသန်စွာဖြင့် တောတောင်အထပ်ထပ် ချောင်းကြီးချောင်းငယ် ဖြတ်၍ မပင်မပန်း ရှင်လန်းတက်ကြွစွာဖြင့် သာမန်လူတို့ လှူရန်မလွယ်ကူလှသော မဟာမြိုင်တောကြီးအလယ်က အထင်ကရ သာသနာတော်သမိုင်းမှာထင်ရှား၊ အဇာတသတ်မင်းကြီး တည်တော်မူ စေတီတော်နှစ်ဆူကို အသစ်တစ်ဖန် ပြန်လည်မွမ်းမံလှူဒါန်း သဒ္ဓါဖွေးဖြူ ပေးဝေ လှူတော်မူခဲ့ကြပြီဖြစ်၍၊ ဤအလှူတော်သည် လူ နတ် ဗြဟ္မာ နတ်ဒေဝါတို့ မြိုင်မြိုင် သာဓု ... သာဓု ... သာဓု ဟု ခေါ်မှာ အမှန်ဖြစ်ပါကြောင်း ဝမ်းမြောက်ကြည်သာ ဤစာလွှာကို မှတ်တမ်းတင်တော်မူအပ်ပါသည်။ ။

အလောင်းတော်ကဿပဖူး၍ ထူးကြပါစေ ....

မေတ္တာများစွာဖြင့်

ကံဝင်း





## တပို့တွဲလပြည့်နေ့မှာကွန့်မြူး ရောင်ခြည်တော်ထူးနှင့် အလောင်းတော်ကဿပသို့ ကြွတော်မူလာ ရဟန္တာ

မနှစ်က အလောင်းတော်ကဿပမှာ ကျောက်ဂူတံခါးဖွင့်ခဲ့၏။ ရောင်ခြည်တော် ကွန့်မြူးထူးလှသည့် သတင်းများကို ဓါတ်ပုံမှတ်တမ်းများဖြင့် စာရှုသူ သူရဇ္ဇပရိသတ်ကြီးသို့ ဝေဝေဆာဆာ တင်ပြနိုင်ခဲ့ပြီးဖြစ်၏။ အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝမှ ထူးခြားကွန့်မြူး ရောင်ခြည်တော်ထူးနှင့် ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများ သတင်းကို ကြားသိလိုက်ကြရသော ဗုဒ္ဓဘာသာနွယ်ဝင်တို့သည် သည်နှစ် ၁၃၇၁ ခု၊

www.burmeseclassic.com

တပို့တွဲလပြည့်နေ့အမီ အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝသို့ အရောက်သွားကြမည်ဟု ကြိုတင် အားခဲထားကြ၏။ တပို့တွဲလပြည့်နေ့အမီ အလောင်းတော် ကဿပ ကျောက်ဂူတံခါးဝသို့ သွားရောက်ဖူးမြော်လိုသူ များတွင် စာရေးသူလည်း ထိပ်ဆုံးမှ ပါခဲ့၏။ ၁၆-၁-၂၀၁၀ နေ့ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်တွင် တည်ထား ပန်းစေတီ ပူဇော်ပွဲအပြီးမှာ မုံရွာခရိုင်၊ ကနီမြို့နယ်မှာ တည်ရှိ အလောင်းတော်ကဿပသို့ ဦးတည် ဘုရားဖူးခရီးထွက်ခဲ့၏။ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ကြီးမှ အကျိုးဆောင် တစ်ဦးဖြစ်သော ရန်ကုန် ဦးမောင်မောင်ဌေး အဖွဲ့မှလည်း မီးရထား စီးလုံးငှားတွဲများဖြင့် ၂၅-၁-၂၀၁၀ နေ့မှာ ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသွား ကြ၏။ ကားပေါင်း ၃၁ စီးဖြင့်လည်း အလောင်းတော် ကဿပသို့ ဦးတည် သွားကြောင်း သတင်းရလိုက်၏။ ထို့အပြင် ရန်ကုန်ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့များဖြစ်သော ရွှေကြေးစည်၊ စိန်ဝင်းနှင့် ရောင်းရင်းများ၊ ရွှေလမ်းခရီး၊ ရွှေအိုးစည်၊ သန်းဌေးနှင့် ရောင်းရင်းများ၊ ရွှေထူးလွင်၊ ရွှေလမ်းဦး၊ ရွှေစေတီ စသည့် ပုဂ္ဂလိက ဘုရားဖူးပို့ဆောင်ရေး အဖွဲ့များကလည်း တပို့တွဲ



လပြည့်မတိုင်မီကပင် အရောက်ပို့ဆောင်ပေးနေကြပြီ ဖြစ်ပါသည်။ တစ်ချို့ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့များကလည်း "အလောင်းတော်ကဿပ ကျောက်ဂူတံခါးကြီး ဖွင့်ပါဦး" ခေါင်းစဉ်တပ်၍ သတင်းစာထဲမှ ဖိတ်ခေါ်သံများလည်း ထုတ်လိုက်ရ၏။ ရပ်ထဲရွာထဲ သဒ္ဓါထက်သန် စိတ်အားသန်ကြ သူန်သော ဘုရားဖူးများလည်း ကားကြီး၊ ကားငယ်အမျိုးမျိုးဖြင့် အလောင်းတော်ကဿပသို့ ခရီးထွက်ကြလေ၏။ ရန်ကုန်မြို့သည်သာမက မန္တလေးမြို့အပါအဝင်၊ အမြို့မြို့ အနယ်နယ်မှ အလောင်းတော်ကဿပသို့ ဦးတည် ဘုရားဖူး ကားတွေ ထွက်ကြလေ၏။ စာရေးသူလို ခရီးသွားဆောင်းပါးရေးသူ သတင်းသမားလည်း အစုအဖွဲ့ကလေးများဖြင့် သွားကြ၏။ မိသားစု အစုအဖွဲ့ကလေးများနှင့် အဖော်မပါ တစ်ကိုယ်တည်း သွားသူများလည်းတွေ့ခဲ့ရလေ၏။ ဤမျှအထိ အလောင်းတော် ကဿပ ခရီးအားသန်ခဲ့ကြသည်ကို လယ်ပြင်မှာ ဆင်သွား သကဲ့သို့ ထင်ရှားလှပါသည်။ ၂၆-၁-၂၀၁၀ နေ့ ညနေ ၄း၃၀ ထွက်၊ ရွှေစင်စကြာ ကားကြီးဖြင့် အဖော်မပါ တစ်ကိုယ်တည်း အလောင်းတော်ကဿပသို့ ခရီးထွက်လာခဲ့ပါ၏။ ၂၇-၁-၂၀၁၀ နံနက် ဝေလီဝေလင်းမှာ မုံရွာကိုရောက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မုံရွာရောက်တော့ မော်တော်ဆိပ်ကို ဆိုက်ကားစီး၊ မော်တော်ဆိပ်မှ ညောင်ပင်ကြီးသို့ ကူးခဲ့၏။ ညောင်ပင်ကြီး မော်တော်ဆိပ်ရောက်တော့ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ မဟာနာယက ဖိုလ်ဝင်တောင်ဆရာတော် အကြိုလွှတ်လိုက်သော ဂျစ်ကားကလေးကိုစီးပြီး အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ကြီး စုရပ်ဖြစ်သော ဖိုလ်ဝင်တောင်သို့ လိုက်ပါလာခဲ့ပါတော့၏။

ဖိုလ်ဝင်တောင်သို့ ရောက်သောအခါ ပျားပန်းခတ်တမျှ စည်ကားလှသည့် ဘုရားဖူး ပရိသတ်ကြီးကို အားပါးတရတွေ့လိုက်ရ၏။ အလောင်းတော်ကဿပ ဝန်ဆောင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမန ဦးဆောင်မှုဖြင့် အလောင်းတော်ကဿပ ရင်ပြင်တော်မှာ (၄၂)ကြိမ်မြောက် တပို့တွဲထမနဲနှင့် ဆီးမီး ၉၀၀၀ ပူဇော်ပွဲသွားကြမည့်သူများ ဖြစ်ကြ၏။ ဖိုလ်ဝင်တောင်မှာ စုရပ်အဖြစ်သတ်မှတ်ပြီး အလောင်းတော်ကဿပသို့ ထွက်ခွာကြမည်ဖြစ်ပါသည်။ ခရီးရောက်မဆိုက် အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့ကြီး၏ ဩဝါဒါစရိယ မဟာနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံပါး အရောက်သွား၍ ဖူးမြော်ကန်တော့သောအခါ နာယကဆရာတော်ကြီးက



စာရေးဆရာက ၁၂ နာရီထွက်မဲ့ ရှေ့ပြေးအဖွဲ့နှင့် လိုက်သွား" ဟု အမိန့်တော်ရှိပါသဖြင့်၊ စာရေးသူလည်း ဆရာတော်ကြီး စီစဉ်ပေးသော ရှေ့ပြေးကားကြီး (၂)စီးဖြင့် အလောင်းတော်ကဿပသို့ လိုက်ပါခွင့်ရတော့၏။ ယင်းမာပင် ဆင်စွယ်ရွာ၊ ကပိုင်ရွာ၊ ပွင့်ကြီးလမ်းမှ ထွက်ခွာလာသော ရှေ့ပြေးကားကြီး (၂)စီးသည် ညနေ (၆) နာရီမှာ သစ်လုံးအိမ် ဆင်စခန်းသို့ ချောမောစွာ ရောက်ခဲ့ပါတော့၏။ ထိုဆင်စခန်းမှ ဆင်ကြီးကို ၄၅ မိနစ်ခန့် စီးပြီးချိန်မှာ အလောင်းတော်ကဿပ တောင်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့လေ၏။

၂၈-၁-၂၀၁၀ တပို့တွဲလပြည့် အဖိတ်နေ့မှာတော့ အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝမှာ ရွှေသက်န်း ကပ်လှူစိတ် ကြွသမှု့ အမိဋ္ဌာန်ပြုပြီးနောက် အလောင်းတော်ကဿပ အနီးဝန်းကျင်မှာ လှည့်လည်ဖူးမြော် လေ့လာ မှတ်သား မှတ်တမ်းများ ပြုစုရင်းနှင့် တစ်နေ့ကုန်ခဲ့၏။ ညပိုင်းမှာ ထမနဲထိုးပွဲ တက်ရောက်ဆင်နွှဲရင်း နာယက ဆရာတော်ထံပါးသွား၍ ဦးတိုက်ဖူးမြော်ကန်တော့သောအခါနာယက ဆရာတော်ကြီးက မနက်ဖြန် တပို့တွဲလပြည့်နေ့ အစီအစဉ်များ မိန့်ကြားပေးတော်မူပါသည်။ လပြည့်နေ့ နံနက် ၄း၃၀ စံကျောင်းမှာ စုပေါင်း

www.burmeseclassic.com

ထမနဲ အာရုဏ်ဆွမ်း ကပ်လှူမည်။ နေ့လည်ခင်း ၁ နာရီ အလောင်းတော်ကဿပကျောက်ဂူတံခါးဝမှာ သံဃာတော်များ စုပေါင်းရေသိမ်တော်ဝင်ကြမည်။ ညဦးပိုင်းမှာ ဆီးမီး ၉၀၀၀ ပူဇော်ပြီး တပိုတွဲလပြည့် အလှူဒါနကို ရေစက်သွန်းချ ၃၁ ဘုံသား ဝေနေယျတို့အား မျှတပေးဝေ အမျှဝေမည်ဟု မိန့်တော်မူပါသည်။

ထမနဲဒယ် ၃၀ ထိုးပြီးချိန်မှာတော့ အလောင်းတော် ကဿပ တောင်ပေါ်မှာ မြူနှင်းတွေကျ အေးခဲလာမှုနှင့်အတူ ဘုရားဖူးများ တစ်ညတာ ငြိမ်သက် အိပ်စက်နေရင်းမှ လပြည့်နေ့ နံနက်စောစော (၃) နာရီမှာတော့ တစ်နေ့ ပြန်လည်နိုးကြားသက်ဝင် လှုပ်ရှားလာကြတော့၏။

"ထမနဲတွေဝေပြီ၊ ထမနဲတွေဝေပြီ" ဟူသော အသံနှင့်အတူ စာရေးသူလည်း ချမ်းလွန်းအားကြီး၍ စောင်ခြုံကွေးနေရာမှ ကုန်းရုန်းထရပါတော့သည်။ နာယက ကျောင်းတော်ရှေ့မှာ စနစ်တကျ ဝေငှနေသော ထမနဲ ဆွမ်းပုဂံကို တန်းစီယူ၍ ရပြီဆိုလျှင်ဖြင့် စုပေါင်းထမနဲ ကပ်လှူပွဲကျင်းပမည့် စံကျောင်းရုပ်ပွားတော်သို့ ခပ်သွက်သွက် လှမ်းခဲ့ပါ၏။ ခပ်သွက်သွက် လှမ်းရသည် ဆိုသည်မှာ အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန်



ဖြစ်ပါသည်။ ထမနဲ ဆွမ်းပုဂံကိုကိုင် ခပ်သွက်သွက် လှမ်းလာမှုကြောင့် စံကျောင်းသို့ ဦးစွာရောက်ခဲ့ပါသည်။ ရှေ့ဆုံးမှ ဆွမ်းကပ်ရန် နေရာလည်း ရပါပြီ။ နံနက် ၄း၃၀ မှာ သံဃာတော် ဆရာတော်တစ်ပါးမှ ဦးဆောင်၍ ဆွမ်းကပ် တိုင်ပေးသောအခါ အများက လိုက်ဆိုကြလျှက် ဘုရားအမှူးပြု အလောင်းတော်ကြီး ထမနဲ ဆွမ်းကပ်ရသည်မှာ စိတ်မှာကြည်လင် သီလဝိသုဒ္ဓိနှင့်လည်း ပြည့်စုံနေချိန်မို့ ကုသိုလ်တော် ထူးလှပါပေ၏။

စုပေါင်းထမနဲ ဆွမ်းကပ်ပွဲအပြီးမှာ ဒါန၊ သီလ၊ ဘာဝနာ ထိုသုံးဖြာဖြင့် အလောင်းတော်ရုပ်ပွား ရဟန္တာမြတ်ကြီးရှေ့မှာ ၁ နာရီမျှ အာနာပါန အားထုတ်ကြပါသည်။ ၁ နာရီမျှ အာနပါန ပွားများပြီးနောက် သတိပဋ္ဌာန် တရားလက်ကိုင်ထားပြီး လောကဓါတ် တစ်ခုလုံး လွှမ်းခြုံ၊ တစ်တောလုံး တစ်တောင်လုံးပါ မကျန် မေတ္တာကွန်ယက်ဖြန့်ကျက်နေမိခဲ့ပါသည်။ အေးမြခြင်း၊ တိတ်ဆိတ်ခြင်း၊ တည်ငြိမ်ခြင်း၊ သန္တရသနှင့် ပြည့်စုံနေသောနေရာဒေသဖြစ်ခြင်းကြောင့် တရားရှာဖွေ ကောင်းလှသော ဌာနေမှာ ထိုင်ရာမှမထ ဓမ္မရသဖြင့် မိမိနောက်ပါနိုင်သမျှ ကုသိုလ်တွေ သဲယူနေမိပါတော့သည်။ သစ်ရွက် သစ်ခက်တွေကြားမှာ နေရောင်ခြည်မျှင်တွေ စံကျောင်းရှေ့မှာ

www.burmeseclassic.com



ဖြာကျလာတော့ အချိန်အားဖြင့် ၉ နာရီပင်ကျော်နေပြီဖြစ်ရာ တည်းခိုဆောင်ကို ခြေဦးလှည့်ခဲ့ပါသည်။ တည်းခိုဆောင်မှာ ခေတ္တ ခဏနား၍ မကြာသောအချိန်မှာ ဆွမ်းစား အုန်းမောင်း ခေါက်သံ ကြားလိုက်ရ၏။ သံဃာတော်များ ဆွမ်းစားပြီးလျှင် တပည့် ဒကာတွေကိုပါ အလှူရှင်များက ဧည့်ခံကျွေးမွေးကြ မှာမို့ မှတ်တမ်းဖိုင်ပါသော လွယ်အိပ်ကိုလွယ် ဒစ်ဂျစ်တယ် ကင်မရာပါယူဆောင်လျက် ဆွမ်းစား ကျောင်းဘက် ခြေဦး လှည့်လာခဲ့ပါသည်။ မှတ်တမ်းဖိုင်နှင့် ဒစ်ဂျစ်တယ်ကင်မရာပါ လွယ်အိတ်တစ်ခါတည်း လွယ်ဆင်းလာရတာကတော့ နေ့လည်စာ စားပြီးသည်နှင့် တည်းခိုဆောင် ပြန်မသွား တော့ပါ။ ကျောက်ဂူတံခါးရှိရာသို့ ရှေ့ဆုံးမှ နေရာယူ ထူးပြီ ဆိုလျှင် မှတ်တမ်းတင် ဓါတ်ပုံရိုက်ဖို့ပါ။ မနှစ်က တပိုတွဲ လပြည့်နေ့ နေ့လည် (၁)နာရီသာသာမှာ ကျောက်ဂူတံခါးမှ တန်ခိုးပြခဲ့သည် မဟုတ်ပါလော . . .။

"ထမင်းစားပြီး တမှေး အားတိုးဆေး" မလုပ်နိုင် တော့ပါ။ ထမင်းစားပြီးသည်နှင့် ကျောက်ဂူတံခါးဝသို့ သုတ်ခြေ တင်ခဲ့ပါတော့၏။ အချိန်အားဖြင့် ၁၁ နာရီသာသာ ဆိုသော် လည်း အစောဆုံးသွား ရှေ့ဆုံးမှ နေရာရဘို့ အရေးကြီးလှပါ



သည်။ စံကျောင်းရုပ်ပွားတော်အနီး အုတ်လှေခါးမှ တရွေ့ရွေ့ ဆောင်အောက်ဆင်းလာရာ၊ တစ်ခဏမျှသာ ကြာပါသည်။ သဘူလတောင်၊ ဝေဘာရတောင်၊ သုနန္ဒရတောင် တောင် သုံးလုံးအောက်တွင် ပရိနိဗ္ဗာန် စံယူနေသော အလောင်းတော် ကဿပ ကျောက်ဂူတံခါးဝရှိရာ တောင် အောက်ခြေ စမ်းချောင်းသို့ ရောက်ပါတော့၏။ စမ်းချောင်း ပေါ်မှာ တည်ဆောက်ထားသည့် သစ်သားတံတားမှ အနည်းငယ် လျှောက်လျှင်ဖြင့် တောင်သုံးလုံးဆုံရာ ကျောက်ဂူ တံခါးဝသို့ ရောက်ပါတော့၏။ မိမိဝီရိယသည် စောလွန်း သည်ဟု ဆိုသာတော့။ အဘယ့်ကြောင့်ဆိုသော် ကျောက်ဂူ တံခါးဝမှာ ဘုရားဖူးတွေ ၅၀၀ ဦးခန့် တွေ့လိုက်ရခြင်းကြောင့်ပါ။ နှစ်စဉ် ဆရာတော် သံဃာတော်အရှင်မြတ်တွေ ရေသိမ်ဝင် နေကြက ၁ နာရီမှာပါ။ ယခု ၁၁ နာရီသာသာရှိသေး ကြိုတင် ရောက်နှင့်နေသည်က ဒုနှင့်ဒေး ဖြစ်နေ၏။ များပြားလှသော လူအုပ်ကြား တိုးဝင်သွားတော့ ကျောက်ဂူတံခါးဝ ၄ ကိုက် အကွာမှာ နေရာတစ်နေရာရပါသည်။ ရသောနေရာကလေးမှာ တင်ပျဉ်ခွေထိုင်လျက် လက်မှာ ကင်မရာ သေချာဆုတ်ကိုင် ထားရင်း ကျောက်ဂူတံခါးဝသို့ အာရုံစူးစိုက် ကြည့်နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ၁ နာရီထိုးမှာ ရှေ့ပြေး လူရှင်းပေးသော လုံခြုံရေး ဝန်ထမ်းများ ရောက်လာကြပြီ မကြာမတင်မှာ အလောင်းတော် ကဿပဝန်ဆောင် မဟာနာယက ဘဒ္ဒန္တ သုမန ဦးဆောင်သော သိမ်တော် ဝင်တော်မူမည့် သံဃာတော်များ ကြွချီလာပါတော့၏။ မိမိအနောက်ဖက် လှည့်ကြည့်လိုက်သော် လူထုပရိသတ်ကြီးကထောင်ချီအလား တောင် (၃)လုံး ရှိမြောင်ကြားတွင် ခြေချရန် နေရာလပ်မရှိဖြစ်နေပါပြီ။ စမ်းချောင်းတစ်လျှောက် တောင်တက် လှေခါးတစ်လျှောက်၊ မမြင်ရသော်လည်း ရှေ့တိုးမပေါက်၍ ရောက်နေသူများပါဆိုပါက ၁၀၀၀၀ ကျော်ခန့်ဟု ခန့်မှန်းရပါသည်။ တောင်ပေါ်မှ လှေခါးထိပ်မှာ အောက်ဆင်းမရ၍ ရပ်စောင့်နေသူများပါ ဆိုလျှင်တော့ ထောင်ပေါင်းများစွာ ဆိုရပါလိမ့်မည်။

"ဤမျှ ဘာကြောင့် များရသနည်း" အဖြေကရှင်းပါသည်။ မနှစ်က ယခုလို တပို့တွဲလပြည့် ရေသိမ်ဝင်ပြီးချိန်မှာ ကျောက်ဂူတံခါး ပွင့်ခဲ့သည်မို့ သည်နှစ် ယခု တပို့တွဲလပြည့်နေ့အမီ မြန်မာပြည်အရပ်ရပ်မှ သဒ္ဓါထက်သန် စိတ်အားသန်ကြသော ဘုရားဖူးများ အုံခဲလာခဲ့ကြခြင်းဖြစ်ပါ၏၊ ရေသိမ်တော်အတွင်း ရွတ်ဖတ်ပူဇော်ခြင်း၊ အစီစဉ်ပြီးသောအခါ



သာဓု (၃)ကြိမ် ခေါ်သံများသည် သံပြိုင်မြည်ဟီးလာသောအခါ ကြက်သီးမွေးတွေ ထရသည်အထိ ပီတိဖြစ်ရပါသည်။ ရေသိမ်ဝင်အပြီး သံဃာတော် အရှင်မြတ်များ ပြန်ကြွသွားချိန်မှာတော့ ကျောက်ဂူတံခါး၀ လိုဏ်ကြီးအတွင်းမှာ ချောင်းဟန့်သံမကြား၊ အသက်ရှူသံမကြား၊ တိတ်ဆိတ်သွားလျှက် ဂူတံခါးကြီးဆီသို့ မျက်တောင်မခတ် စိုက်ကြည့်နေလိုက်ကြတာ၊ အပ်ကျသံပင် မကြားရ" ဖူးပါရစေ ကျောက်ဂူတံခါးပွင့်တော်မူပါဘုရား" နာရီ၀က်နှင့်လည်း ပွင့်မလာ၊ တစ်နာရီနှင့်လည်း မဖွင့်၊ ပွင့်တော်မယ်ဆို၍ မျက်စိကို မမှိတ်မသုန် ကင်မရာ လက်က အသင့်ပွင့်လျှင် ရိုက်ဖို့ အဆင့်သင့်ဆိုပေမယ့် ကျောက်ဂူတံခါးသည် နေ့လည် ၂ နာရီတိုင် ပွင့်မလာခဲ့ပါ။ ၂ နာရီ ၂၀ မိနစ် အချိန်မှာတော့ ကြီးမားသော အော်ဟစ်သံ တစ်ခုက စာရေးသူ၏ ရင်ကို ခုန်စေခဲ့ပါသည်။

"ရောင်ခြည်တော်တွေ ရောင်ခြည်တော်တွေ . . ."

အနောက်ဖက်စီကလာသော အသံမို့ အနောက်ဖက်လှမ်းအကြည့် ပရိတ်သတ်များလည်း ထိုင်ရာမှ အပြေးထ၍ကြည့်ကြ၏။ စာရေးသူလည်း တင်ပျဉ်ခွေထိုင်ရာမှ အမြန်ထ၍သူများ လက်ညှိုးညွှန်ရာ အနောက်ဖက် တောင်နှစ်တောင်ကြား

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့ တောင်နှစ်လုံးကြားမှ ထူးခြားသော အလင်းတန်းကြီး ပေါ်ထွက်လာသည်ကို ဖူးတွေ့လိုက်ရ၏။ တဆက်တည်းမှာပင် လက်မှ ကင်မရာကလည်း ရိုက်နှင့်ပြီးသား ဖြစ်ခဲ့ပါသည်။ လက်မှနာရီကို အမိအရ ကြည့် ၂ နာရီ ၂၀မိနစ် စာရေးသူ ချက်ချင်း တွေးမိသည့်က ထိုအလင်းတန်းသည် နေရောင်ခြည်လို အလင်းတန်းကြီးလည်းမဟုတ်၊ နှင်းခိုးနှင်းပွင့် နှင့်လည်း မတူ၊ တဖွေးဖွေး တလက်လက်နှင့် စိန်ရောင်ခြည်လို ဖြူဖွေး ဓါတ်တော်အစု အဝေးကြီး စုစည်းလင်းလက်နေသည်မို့ ထူးခြားသော အဖြစ်အပျက် တစ်ခုဟု ကောက်ချက်ချမိပါသည်။ ထိုအလင်းတန်း ထိပ်ဖျားမှ လျှပ်တပြက်ဖူးရသည်မှာ ဇမ္ဗူရာဇ် ရွှေစင်ရွှေသားကဲ့သို့ ဝင်းဝါလင်းလက်တော်မူသော မျက်နှာတော်နှင့်အတူ မတ်ရပ်တော်မူသော ရဟန္တာ အရှင်မြတ် တစ်ပါးသဏ္ဌာန် (ဓါတ်ပုံမှာ အထင်အရှားဖူးနိုင်ပါသည်) မိမိ အနေဖြင့် ပကတိ အလောင်းတော်ကဿပ အရှင်မြတ် မျက်နှာတော်ကို မဖူးမမြင်ဘူးသော်လည်း စံကျောင်းတော်မှ ရုပ်ပွားတော်ကို မကြာခဏ ဖူးမျှော်ရသည်ဖြစ်ရာ၊ ယခု ဓါတ်တော် အစုအဝေးကြားမှ ပေါ်ထွန်းလာသော မျက်နှာ တော်သည် ရုပ်ပွားတော်နှင့် အလွန်တူနေသည်ကို အံ့သြစွာ ဖူးမြော်ခဲ့ရပါသည်။



(မှတ်ချက်။ ။ စာရှုသူများ ရဟန္တာဖူး၍ ထူးကြသူများ ကြားဘူးကြပါလိမ့်မည်။ စာရေးသူအနေဖြင့် သစ္စာပြု ပြောလို သည့်ကတော့ ထိုထူးဆန်းသည် အလင်းတန်းကို ဖူးပြီးချိန်မှစ၍ ရန်ကုန်ပြန်ရောက်သည့်နှင့် လာဘ်ရွှင်ငွေဝင် လုပ်ငန်းတွေ အဆင်ပြေခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် စီးပွား တိုးတက် အောင်ပွဲဆက် ရပါစေ တောင်းဆုချွေပါသည်။ ချစ်စွာသော ပရိတ်သတ်များလည်း ထိုပုံတော်ကို ပွား၍ စိတ်ကြဲသမျှ အမိဌာန်ပြုကြပါ။ စီးပွားတိုးတက်ပါလိမ့်မည်။ စာရေးသူထံမှ ဓါတ်ပုံအစစ်ကိုသာ ရယူလိုပါလျှင် ၂၆၉၊ ခေမာသီလမ်း၊ (၈) ရပ်ကွက်၊ ဆေးတက္ကသိုလ် (၂)ရှေ့၊ မ/ဥက္ကလာ လိပ်မူ၍ တံဆိပ်ခေါင်း အပိုထည့်ကာ တောင်း ယူပါ။ စာရေးသူ ဒါနပြု ပြန်လည်ပေးပို့ပါမည်။ ဖုန်း -၆၉၀၀၂၇။

(စာကြွင်း . . . . ။ ထိုဓါတ်ပုံ မယုံကြည်၍ စစ်ဆေး လိုပါလျှင်လည်း အချိန်မရွေး ဆက်သွယ်နိုင်ကြပါသည်။ စာရှုသူ့ ချစ်စွာသော ပရိသတ်များ ကြီးပွားတိုးတက် အောင်ပွဲ ဆင်ကြပါစေ . . . စာရေးသူ)

ထို ထူးဆန်းသော စိန်ရောင်ခြည်လို ဖြူဖွေး ဓါတ်တော် အစုအဝေးကြီးသည် ၅ မိနစ်ခန့် တန်ခိုးတော်ပြ ထွန်းလင်း တော်မူပြီးနောက်မှာ ပျောက်ကွယ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၃း၃၀ အချိန်ထိတိုင် ကျောက်ဂူတံခါး၀ ဖွင့်လှစ် မပြတော့သောအခါ စာရေးသူလည်း ဒစ်ဂျစ်တယ် ကင်မရာကို အိပ်ထဲ ပြန်သွင်းရင်း လူအုပ်ကြားမှ တိုးဝှေ့ တောင်ပေါ်သို့ တက်ခဲ့ပါတော့သည်။ ယခုနှစ် ၁၃၇၁ တပို့တွဲလပြည့်နေ့မှာ ကျောက်ဂူတံခါး ပွင့်မလာသော်လည်း "စိန်ရောင်ခြည်လို ဖြူဖွေး ဓါတ်တော် အစုအဝေးများဖြင့် ရဟန္တာ အရှင်မြတ် ဖူးခွင့်ရခဲ့ သည်မို့ စာရေးသူ ပင်ပန်းသမျှ ရွှင်လန်းတက်ကြွခဲ့ရပါပြီ ရန်ကုန်မှ မုံရွာ ကားကြီးစီး၊ မုံရွာမှ ညောင်ပင်ကြီးဆိပ်ကို စက်လှေဖြင့်ကူး၊ ဖိုလ်ဝင်တောင်ကို ဂျစ်ကားဖြင့်သွား၊ ထို့မှ ယင်းမာပင်၊ ဆင်စွယ်၊ ရင်ပေါင်တိုင်၊ ကပိုင်ရွာတွေ ဖြတ်သန်း တစ်တောဝင် တစ်တောင်တက်၊ တစ်ချောင်းဝင် တစ်ချောင်း ဖြတ်ကျော်ကူး၍ အလောင်းတော်ကဿပဖူး ခရီးမှာ သည်နှစ် မှာလည်း ထူးကဲတာတွေ စာနယ်ဇင်းမှာ မှတ်တမ်းတင်ခွင့် ရခဲ့ပြီမို့ ရင်မှာပီတိ ဝွမ်းဆီထိသကဲ့သို့ ပျော်ရွှင်ကြည်နူး မိပါကြောင်း . . . . ။ ။

**အလောင်းတော်ကဿပဖူးတူးကြွေဒီဧေ**

# ကံဝင်း

## ကျမ်းကိုးစာရင်း

၁။ အလောင်းတော်ကဿပ ဝန်ဆောင် နာယကဆရာတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန ဆရာတော်မိန့်ကြား ဩဝါဒများ။

၂။ ရှင်ကဝိန္ဒ (ပုပ္ပါး) ရေးသား- အလောင်းတော်ကဿပသမိုင်းသစ်။

၃။ အလောင်းတော်ကဿပ ဝန်ဆောင် ဆရာတော် ''မတောင်းတ'' ဆရာတော် မိန့်ကြား မှတ်သားဖွယ်ရာများ၊

၄။ လှသိန်းဝင်း (ကနီ) ရေးသား- နှစ်ဆယ့်တစ်ရာစု မျက်မှောက်ခေတ် အလောင်းတော်ကဿပ၊

၅။ ကိုယ်တိုင်ကွင်းဆင်းလေ့လာ- ဒေသခံများပြောကြား အတွေ့အကြုံများ။

www.burmeseclassic.com

www.burmeseclassic.com

## ကံဝင်းအမည်ဖြင့်
## စာရေးသူရေးသား ထုတ်ဝေပြီးစာအုပ်များ

၁။ ဗုဒ္ဓဂယာ မဉ္ဇူမခရီး (ဒုတိယအကြိမ်)။

၂။ ထူးခြားလိုသလား ကြာအင်းပေါ်တော်မူကိုသွား။

၃။ တဘောင်ထင်ရှား အတိတ်နိမိတ်များ (ဒုတိယအကြိမ်)နှင့် အယူတော်မင်္ဂလာ။

၄။ နှင်းဆီကိုး ဖလားမှာထိုး စီးပွားတိုးမည်မှတ်။

၅။ စိတ်ချမ်းသာလိုသလား? ပြုံးတော်မူကိုသွား အယူတော်မင်္ဂလာ အတိတ်နိမိတ်များ။

၆။ ကျိုက်ထီးရိုးတောင်ပေါ်မှ သိဒ္ဓိရှိသောဆင်ဖြူတော် (ဒုတိယအကြိမ်)

၇။ တစ္ဆေသရဲများ ဝေးဝေးသွား။

၈။ ရောင်ခြည်တော်ကွန့်မြူး အလွန်ထူး အံ့ဩဖွယ်ရာအစုံ ရန်ငြိမ်းလာဘ်စုံ ပုံရွှေတိဂုံ။


၉။ ဝေဒနာနှင့်စစ်ခင်း အောင်မြင်ခြင်းရခဲ့သော မိုးကုတ်ယောဂီ ဒေါ်တင်လှ။

၁၀။ ယခု-အလောင်းတော်ကဿပမှ ထူးခြားကွန့်မြူး ရောင်ခြည်တော်ထူး နှင့် ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများ။

www.burmeseclassic.com


www.burmeseclassic.com


ကျောက်ဂုတံခါးဝ ပွင့်ဟာလာပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြန်လည်မှုန်းမှိုင်းသော စေတီတော်လှမ်းစေတီ
ပုဒ္ဓဟိလယာ ဓာနေကာဓာတင်တော်မူစဉ်



၁၃၇၀ မုဒော်ပွဲတွင် ငြိမ်ဦးလှုပ်မှ ဆရာကြီးဦးစံကြည် ထီးစေတော်မုဒော်ခြ




သံဃာတော်များ ဆွမ်းလောင်းလှူနေသော ဂုံ ဝေါ်မေရှိခင်




ကြေးစည်ထောင်မှာ ကြေးစည်လှူပြီး ဆုတောင်းကြသူများ

www.burmeseclassic.com


www.burmeseclassic.com




အောင်ဗေယျာကျော်ကြီးစည်တော်



ကြီးစည်ဆောင်



ဆီမီးတန်ဆောင်ပူဇော်နေစဉ်




ဓာလောင်းတော်ကြီးသသပ ကျောက်ဂူတံခါးဝရှေ့မှာ
ဓာမတော်တရ

www.burmeseclassic.com

www.burmeseclassic.com




ညှဲပုံစေတီ ဘုရားချောင်းမှာတည်



ဇလောင်းတော်ကာလသပမှာ
ပထေမဦးဆုံးတည်
ပန်းစေတီ



“ဆေးမင်ဆရာရေ့ တစ်ခါသောအခါ ဆေးမင်ခေါက်တော့ရောက်ပြီ”
ဆေးမင်ဆရာသားများနှင့် အဘေးအာမြင်ရှင်နေသော စာရေးသူ



“မတောင်းတဲ့” ဆရာတော်နှင့် ရွှယ်နံ့ဆင်ကြီးကိုစီး
ဇလောင်းတော်ကာလသပသို့ သွားသောခရီး

www.burmeseclassic.com

www.burmeseclassic.com





အရှင်မဟာကဿပ သင်္ကန်းလှန်းခဲ့သောနေရာ




အလောင်းတော်ကဿပ တောကြီးတစ်နေရာ



တစ်တောဝင် တစ်တောင်တက် ချောင်းအသွယ်သွယ်ဖြတ်၍

www.burmeseclassic.com


www.burmeseclassic.com



ချောင်းမကြီးကို ဖြတ်သန်း တောခရီးလမ်း



"ဆင်စီးပြီးချင် ဆင်စာကျွေးရတယ်"
ဆင်စာကျွေးနေသော စာရေးဆရာကံဝင်း



ဆင်ကြီးကိုစီး စံကျောင်းသို့သွားသော



ကိုယ့်ရှိကွာကိုယ်ထမ်း တောလမ်းမှာ ဘုရားဖူးများ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




ကာမိုင် ငွေတောင်ဦး စားသောက်ဆိုင်မှာ တစ်ထောက်နား



အဒေါ်ဟင်းတော်ကြီးသို့သွား ဘုရားဖူးများ

www.burmeseclassic.com

www.burmeseclassic.com




အလောင်းတော် ကဿပ နာယကဆရာတော်ဘုရားကြီးနှင့်
အကျိုးတော်ဆောင်ဦးမောင်မောင်ဋ္ဌေးတို့ သစ်လုံးတော်ကြီးအား ကြည့်ရှုနေစဉ်။



အကြိမ်ကြိမ်ဖယ်ရှားသော်လည်း သူ့အလိုလို ပြန်ရောက်လာသည့်
ဂမ္ဘီရဆန်သော သစ်လုံးတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



- ၁၃၇၁ခု တပို့တွဲလပြည့်နေ့၌ အလောင်းတော်ကဿပသို့ ကြွတော်မူလာ ရဟန္တာ
- အလောင်းတော်ကဿပမှ ထူးခြားအံ့ဖွယ်အချက်(၉)သွယ်
- ကျောက်ဂူတံခါးဝမှ ထူးခြားကွန့်မြူးရောင်ခြည်တော်ထူး
- တန်ခိုးတော်ပြ ကျောက်ဂူတံခါးပွင့်စဉ်ကမြင်ကွင်း
- ဘေးအန္တရာယ်ကင်း သစ္စာရေတွင်းအကြောင်း
- အောင်ဇေယျာကျော် ကြေးစည်တော်ကြီး
- ဆင်ကြီးတွေစီး စံကျောင်းသို့သွားသောခရီး
- အဇာတသတ်မင်းတည်ထောင်တော်မူ စေတီတော်နှစ်ဆူ
- ထူးထူးဆန်းဆန်းဖြစ်ရပ်များ

www.burmeseclassic.com